သတိုး ပြုစုသည့်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလအတွက်

# ညစဉ်ခွန်အား

ခရစ်ယာန်အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်



Model: Edina & Windy Ivin

သတိုး ပြုစုသည့်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလအတွက်

ညစဉ်ခွန်အား

ခရစ်ယာန်အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်



အသင်းတော်အတွင်းကန့်သတ်

Model: Htoo K'baw Soe Min

ဆိုး

ပြုစုသည့်

# ညစဉ်ခွန်အား

အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်

**၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ**

ကျေးဇူးတော်သက်သက်ကြောင့် (၅၅)အုပ်မြောက်သော ညစဉ်ခွန်အားကို ရေးသား ဝေငှခွင့်ပြန်သောကြောင့် ဝမ်းမြောက်လျက် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ စက်တင်ဘာလ၏ သာတောင့်သာယာအချိန်အခါကလေးများကို တဖန်မြင်တွေ့ခွင့်ရသောကြောင့် ဝမ်းသာမြောက်ရွှင်လန်းဖွယ်ဖြစ်ပါသည်။ အထူးသဖြင့် ယခုလမှာ ဘုရားရှင်၏ မေတ္တာတော်ကို ညစဉ်ခွန်အားသည် ပိုပိုသာသာကောင်းကြီးမင်္ဂလာကို ခံရ၍ တိုး၍ အစေခံဖို့ရန် အခွင့်အလမ်းတစ်ခုကို ရခဲ့ပါ၏။ ကျွန်တော်တို့၏ အားနည်းခြင်းကြောင့် ရပ်ဝေးမြေခြား မိတ်ဆွေများဆီသို့ ညစဉ်ခွန်အားကို အချိန်မီမီမပို့ပေးနိုင်ခဲ့ပါ။ ယခုအခါတွင် . . . . ယခင်လက ဆုတောင်းခဲ့သည့်အတိုင်း မိတ်ဆွေတစ်ဦးဖြစ်သော ကိုလွင်မိုးအားဖြင့် အင် တာနက်ပေါ်သို့ တက်ရောက်ခွင့်ကို ရပြီဖြစ်ပါသည်။ ယခုလောလောဆယ်တွင် ကိုယ်ပိုင် ဒေါ့ကွန်းမရသေးသော်လည်း ရပ်ဝေးမြေခြားယုံကြည်သူများနှင့် ကွန်ပျူတာအင်တာနက်ကို အသုံးပြုသူများအတွက် ကွန်ယက်စာမျက်နှာတစ်ခုမှာ ညစဉ်ခွန်အားကို ဖတ်နိုင်ပါပြီ။ http://lwinmoe.friend of burma.org/nyasinkunah ကို ကလစ်လုပ်လျှင် ညစဉ်ခွန် အားစာမျက်နှာများကို တွေ့နိုင်မည်ဖြစ်၍ . . . ခွန်အားယူလိုသူများထံသို့ တစ်ဆင့်သတင်း ပေးစေချင်ပါသည်။ ငွေရေးကြေးရေး အဆင်ပြေလျက် အစစအရာရာ ညီညွတ်ခဲ့ပါလျှင် nysyinkunah.com ကို အွန်လိုင်း၌ တွေ့ရှိနိုင်ဖို့ရာ ဝိုင်းဝန်းကူညီ ဆုတောင်းပေးစေချင် ပါသည်။

ကမ္ဘာတစ်ဝှမ်းဝေမျှသော ညစဉ်ခွန်အားအစီအစဉ်ကို ကူညီသူများ၊ အကြံပြုသူများ၊ ပေးလှူသူများ အားပေးသူများနှင့် ဆုတောင်းပေးသူများကို ကျေးဇူးတင်ကြောင်း ဖော်ပြရင်း ဘုရားသခင် ၏ ချစ်ခြင်းမေတ္တာ၊ သခင်ယေရှု၏ဂုဏ်ကျေးဇူး၊ သန့်ရှင်းသောဝိညာဉ်တော်၏ ကောင်းကြီးမင်္ဂလာအဖြာဖြာသည်စာဖတ်သူညစဉ်မိတ်ဆွေတို့၏ အိမ်ထောင်မိသားစုများအပေါ်သို့ ကြွယ်ဝစွာ သက်ရောက်ပါစေ . . . ဟုဆုတောင်းမေတ္တာပို့သအပ်ပါ၏။ (အာမင်)

■ **Author & Editor: ဆိုး** ■ **Supporter: သန္တာရွှေ** ■ **Title:** အယ်လင်စောဦး**(C. L.S)** ■ **Distribution :** သွဲ့ဖော၊ မူအိုင်း၊ နေခြည်နွေးနွေး၊ ထူးအုပ်စိုး၊ စစ်ငြိမ်းအေး၊ နွယ်နီဝင်း၊ ထွန်းထွန်းဇော် ■ **Admin:** တွယ်တာထွန်း၊ ဒင်နီယယ် ■ **Logo :** မျိုးမင်းသော် **(Bible league)** ■ **Addres :** ၈၉၃(ခ)၊ ည/၁၁ ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ် (၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။ ■ တဆင့်ဖုန်း း ၆၁၀ ၄၂၇၊ ၆၁၀ ၉၉၃၊ ၆၁၀ ၉၉၄ ■ **Cover : K.P.T Group**

ဗက်လင်ကြယ် . . . မှ စီစဉ်တင်ဆက်သည်။

**စက်တင်ဘာလ (၁) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ငါ့ခမည်းတော်သည်လည်း ဥယျာဉ်စောင့်ဖြစ်တော်မူ၏။ အသီးသီးသော အခက်ရှိသမျှတို့ကို သာ၍သီးစေခြင်းငှာ သုတ်သင်ရှင်းလင်းတော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၅း၂)

## "အလိုတော်အတိုင်း ..."

သာယာသော စက်တင်ဘာလ၏ ညဦးအချိန်ကို ဘုရားရှင် ပြင်ဆင်ပေးသဖြင့် ကျေးဇူးတော်ချီးမွမ်းကြပါစို့။ စက်တင်ဘာလသည် မြန်မာလတွင် တော်သလင်းလနှင့် တိုက်ဆိုက်ပါ၏။ တော်သလင်းမြစ်တွင်းသင်းဖြူးခင်းဆိုသည့် ရှေးစကားအတိုင်း လှိုင်းလေငြိမ်သက်၍ မြစ်ထဲမှာ လေမထန်လှိုင်းမရှိသောကြောင့်၊ သင်္ဘော၊ လှေ၊ ရွက်နာဝါတို့ ကောင်းမွန်စွာ ခရီးပြုနိုင်ပါ၏။ ရှေးရှေးကမြန်မာတို့သည် တော်သတင်းလကို သစ်ဆင်းလဟု ခေါ်ကြောင်း ပုဂံကျောက်စာတွင် တ်သ္လင်မှ တ်ောသ္လင်ဟု ရေးသားကြောင်း မြန်မာစာ ကျောင်းသား ထူးအုပ်စိုးက ပြောပြပါ၏။ စင်စစ် . . . မြစ်အတွင်းမှာ လှိုင်းလေငြိမ်သက်၍ သစ်ဖောင်များ မျောသောလဖြစ်၍ သစ်ဆင်းလဟု ခေါ်ပါသတဲ့။

သစ်မျောသည်ဟု ဆိုသဖြင့် သစ်ပင်သုံးပင် ပုံပြင်ကလေးကို သတိရမိပါသည်။ တစ်ခါက သစ်ပင်သုံးပင်တို့သည် တော၌အတူတကွ နေထိုင်ရှင်သန်ကြပါ၏။ တစ်နေ့တွင် သစ်ခုတ်သမားများက လာရောက်ခုတ်ယူသောအခါ၊ ပထမသစ်က . . . ငါတော့ ခမ်းနားတဲ့ နန်းတော်တိုင်ဖြစ်ချင်တာ၊ အခုငါ့ဆန္ဒပြည့်တော့မယ်။ ဘုရင်တွေ မိဘုရားတွေ ဝန်ကြီးမှူးမတ်တွေကြားမှ အကျိုးပြုရတော့မယ်ဟု ပြောသတဲ့။ ဒုတိယသစ်ပင်က ငါ့တော့ လမ်းနံဘေးက မီးရှူးတိုင်ကြီးဖြစ်ချင်တာကွ။ အခု ငါ့ဆန္ဒပြည့်တော့မယ်။ လူတွေကို အလင်းပေးတဲ့ ဂုဏ်သိက္ခာမြင့်မြင့်မားမားမီးတိုင်ကြီး ဖြစ်ရတော့မယ် . . . ဟုပြောပါ၏။ တတိယသစ်ပင်က . . . ငါက ပင်လယ်ကူးသင်္ဘောဖြစ်ချင်တာကွ။ အခု ငါ့ဆန္ဒပြည့်တော့မယ်။ နိုင်ငံအနှံ့အပြားကို လူအများကို သယ်ဆောင်ပြီး ခရီးသွားရတော့မှာမို့ အရမ်းပျော်တာပဲ။ သူငယ်ချင်းတို့ရေ . . . ငါသွားပြီဟေ့ . . လို့ နှုတ်ဆက်ခဲ့ပါသတဲ့။

သို့သော်လည်း သူတို့ထင်သလို ဖြစ်မလာပါဘူး။ နန်းတော်တိုင်ဖြစ်ချင်တဲ့ သစ်ပင်က နွားစာခွက်ကလေးဖြစ်သွားပြီး၊ သခင်ယေရှုမွေးဖွားတဲ့အခါ အသုံးခံရပါသည်။ မီးရှူးတိုင်ဖြစ်ချင်တဲ့ သစ်ပင်က လက်ဝါးကားတိုင်ဖြစ်လာပြီး သခင်ယေရှုအသေခံတဲ့အခါ အသုံးခံရပါသတဲ့။ ပင်လယ်ကူးသင်္ဘောဖြစ်ချင်တဲ့ သစ်ပင်ကတော့ . . . တံငါလှေဖြစ်လာပြီး သခင်ယေရှုတရားဟောတဲ့အခါ အသုံးခံရပါ၏။

လောက၌ မျှော်လင့်သည်နှင့်မတူညီသော အနေအထားမှာ ရှိနေသော်လည်း စိတ်ပျက်ရန် မဟုတ်ပါ။ နိမ့်ကျသည်ဟု အောက်မေ့သော်လည်း ဘုရားသခင်ရှေ့မှာ မျက်နှာရဖို့သာ လိုရင်းဖြစ်ပါ၏။ သခင်၏အကြံအစည်နှင့် **အသုံးတော်ခံရခြင်းသာလျှင် ကောင်းကြီးမင်္ဂလာဖြစ်စေ၍ သာ၍ သီးသော အသက်တာကို ပြုစုခြင်းဖြစ်ပါသည်။**



**စက်တင်ဘာလ (၂) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

လေတိုက်သောအခါ မြက်ပင်သည် ညှိုးနွမ်းသွေ့ခြောက်တတ်၏။ အပွင့်လည်း ကြွေတတ်၏။ ထာဝရဘုရား၏ နှုတ်ကပတ်တရားမူကား ကာလအစဉ်အမြဲတည်၏။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၄၀း၇-၈)

## "အစဉ်အမြဲတည်၏ ..."

တစ်နေ့သောအခါ ကျွန်တော့်အိမ်သို့ ဧည့်သည့်တစ်ယောက်ရောက်လာပါသည်။ ငယ်ရွယ်သော လှလှပပမိန်းကလေးဖြစ်၍ နိုင်ငံရပ်ခြားမှ ပြန်လာဟန်နှင့် လက်ဆောင်များ တောင်ပါလာသေးသည်။ သူမက ပြုံးပြုံးရွှင်ရွှင်စကားပြောသော်လည်း ဒီကလေးကို ငါ ဘယ်မှာ တွေ့ဖူးပါလိမ့်ဟု စဉ်းစား၍ မရသဖြင့် အီးအီးအဲအဲလုပ်နေရပါသည်။ အတော်ကလေးကြာလျှင် သူက . . . ကျွန်တော့်သားကို မေးပါ၏။ သားက . . . အိမ်ထောင်ကျသွားသဖြင့် ဒီအိမ်မှာမနေ။ သူတို့အိမ်ခွဲသွားကြပြီဟု ပြောလျှင် မိန်းကလေး၏ မျက်နှာမှာ တင်းသွားပါ၏။ ကျွန်တော်သိလိုက်ပြီ။ သားနှင့် တစ်ခုခုဖြစ်ခဲ့ပြီ ထင်၍ အားနာသွားပါ၏။ သူမခမျာ မျှော်လင့်တကြီးလာခဲ့တာ ဖြစ်နိုင်ပါ၏။ မိန်းကလေးပေးထားသော လက်ဆောင်ကို သိမ်းဆည်းနေသည့်ဇနီးသည်လည်း တွန့်သွားကာ ကျွန်တော်က ပြန်ကြည့်သော အဓိပ္ပာယ်မှာ . . . 'မင်းသားကတော့ လုပ်ပြီ . . .'ဆိုတဲ့ သဘောပေါ့။ သားမကောင်းတော့ အမေ့ခေါင်းလေ။

ပြန်ကာနီးလျှင် မိန်းကလေးက ကျေညာသွားပါ၏။ ဆရာနော် . . . တော်တော်မေ့တတ်မှန်းမသိဘူး။ ဝက်သေကမ်းခြေက ကျမ်းစာသင်တန်းမှာလေ။ ကျွန်မနာမည် မီးခဲဟုပြောတော့မှ သြော်သြော်ဟု သတိရလာ၏။ သားတို့၏ ဖခင်များထုံးစံ . . . ချွေးမတော်မယ် နော် . . . ဟု ကျွန်တော်ကပြောလျှင် တကယ်လားဆရာဟု မေးပါ၏။ နောက်နေတာပဲ အောက်မေ့၍ တကယ်ပေါ့ . . . ဟု အာမခံခဲ့ပါ၏။ ကိုယ့်သားကလည်း သဘောကျနေပါ၏။ မိန်းကလေးက ရယ်ရင်းမောရင်း ဆရာသားကို ကောင်းကောင်းထားမှာ။ အလုပ်ကောင်းကောင်းလုပ်ပြီး ငွေစုနိုင်မှ လာတင်တောင်းမှာဟုပြောလျှင် ကျွန်တော်က သားက ဆင်စီးမြင်းရံဖြစ်မယ့်ကိစ္စပဲ။ လာစမ်းပါ။ လာစမ်းပါ။ ချွေးမတော်ပါ့မယ်ဟု . . . ပြောခဲ့ တာပေါ့။ သူမက . . ဆရာ့သားကို ယင်မတောင် အသန်းမခံနဲ့ဟု ပြောသေးရာ နောက်နေ တာပဲဟု အောက်မေ့ခဲ့ပါ၏။ အခု နှစ်ပေါင်းများစွာကြာပြီးမှ အတည်အခန့်လုပ်လာရာ ကိုယ်မှာ ဘာမှ ပြန်မပြောနိုင်။ မတည်သော စကားကြောင့် မျက်နှာပူပူနှင့် တောင်းပန်ရရာ ဇနီးသည်က . . . ကျွန်တော့်ကို များစွာသြဘာပေးလေ၏။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကမူ ထိုသို့မဟုတ်ပါ။ အစဉ်အမြဲတည်၏။ အာမခံချက်ရှိ၏။ မပြောင်းမလဲပါ။ နှုတ်ကပတ်တရားတော်ကို နာ၍ ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိ၏။ (လု၊ ၁၁း၂၈)

**စက်တင်ဘာလ (၃) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

မြေကြီးသားအပေါင်းတို့ ဘုရားသခင်ရှေ့တော်၌ ကျူးဧသောအသံကိုပြု၍ နာမတော်၏ ဂုဏ်ကို သီချင်းဆိုကြလော့။ (ဆာလံကျမ်း၊ ၆၆း၁)

## "ကယ်တင်ပိုင်ရှင်ထံသို့ ..."

ကယ်တင်ပိုင်ရှင်ထံ ချဉ်းကပ်ဖို့ရာ ကျမ်းစာအားဖြင့် သမ္မာလမ်းထင်ရှား . . . ဟု အစချီသော ဓမ္မသီချင်းနံပါတ်(၁၄၂)သည် ယုံကြည်သူများကို (၆၆)ခုမြောက်သော ဆာလံကျမ်းကို အခြေပြုလျက် နှိုးဆော်ချက်များပေးပါ၏။ ရိုးသောသံစဉ်၊ နားလည်လွယ်သော စာသားဖြင့် နှလုံးသည်ပွတ်ကို ဆွဲဆောင်နိုင်သော ဤသီချင်းနှင့် ပတ်သက်၍ အုတ်ကလန်မြို့မှ သင်းအုပ်ဆရာတစ်ပါးက သက်သေခံချက်တစ်ခုရှိပါသည်။

နှစ်ပေါင်းများစွာတရားဟောသော်လည်း ပြောင်းလဲလာသူမရှိ၍ စိတ်ဓာတ်ကျနေခဲ့သော ဆရာသည် နောက်ဆုံးတစ်နေ့တွင် ဤသီချင်းကို ဆိုရာ မိန်းမတစ်ယောက်သည် ရှေ့တို့တက်လာပြီးနောက် ဤသီချင်း၏ နောက်ဆုံးပိုဒ်ကို ထပ်ဆိုရန် တောင်းပန်သတဲ့။ ဆရာလည်း ပြန်ဆိုရပါ၏။

ငါတို့အလယ်၌ ကိုယ်တော်မြတ်သည် ယနေ့တွင်ပင် ရပ်နေတော်မူ၏။

ပညတ်တော်များကို မိန့်မြွက်သတည်း၊ သင်တို့ခံယူမည်လော့။

ထိုမိန်းမသည် အိမ်သို့ပြန်လာပြီး နောက်တနင်္ဂနွေနေ့တွင် သူ့ခင်ပွန်းကိုပါ ခေါ်လာလျက် နှစ်ခြင်းတောင်းရာ အုတ်ကလန်သင်းအုပ်သည် အံ့ဩလျက် ကျေးဇူးတော်ကို ချီးမွမ်းသတဲ့။ ဤသီချင်းဖြင့် နောင်တတရားကို တွေ့မြင်စေခဲ့ပါ၏ . . . ဟုသက်သေခံလေသည်။

သားငယ်လေး ငယ်စဉ်က သူ့ကို ဂီတသမားဖြစ်စေချင်သဖြင့် ပုသိမ်မှ အဘိုးမုန်တိုင်းထံမှာ စန္ဒယား၊ တယောသွားသင်စေပါသည်။ ကျောင်းပိတ်ရက်မှာ သူငယ်ချင်း နှင်းပွင့်ဖြူနှင့် နော်အယ်ခူလည်း သွားကြရာ ပထမ၌ စိတ်ပါသဖြင့် လိုက်သွားပါ၏။ တစ်လနှစ်လကြာလျှင် ပြန်လာကြပါသည်။ မိန်းကလေးများကတော့ အိုကေပါ၏။ တီးနိုင်မှုတ်နိုင်ပါသည်။ ထူးအုပ်စိုးကတော့ ဟိုမှာ ပျော်ပျော်နေခဲ့ပုံရသည်။ 'ကယ်တင်ပိုင်ရှင်ထံ' တစ်ပုဒ်ပဲရသည်။ ဘယ်လိုခိုင်းခိုင်းဒီတစ်ပုဒ်ပဲ တီးနိုင်၏။ အဘိုးမုန်တိုင်းက အတူတူသင်ပေးကာ သူက မနာယူသဖြင့် တစ်ပုဒ်တည်းကို တာဝန်ကျေသင်လာသဖြင့် သူ့ကိုဆူသောအခါ သူက . . .

တော်ပြီလေ။ ကယ်တင်ပိုင်ရှင်ထံ ချဉ်းကပ်ဖို့ရာ သိရင်ရပြီလို့ အဘိုးကပြောတယ် . . . ဟုလွဲချလေ၏။ ပြန်စဉ်းစားသောအခါ သူ့စကားမှန်ပါ၏။ ကယ်တင်ပိုင်ရှင်ထံချဉ်းကပ်ဖို့ရန် မသိသူများ သိလျက်နှင့် မချဉ်းကပ်သူအများရှိပါ၏။ ဥပုသ်နေ့မှာပင်လျှင် ကိုယ်တော်ထံသို့ ဒုစရိုက်အပြစ်ကင်းရှင်းလျက် စိတ်နှလုံးသာယာရွှင်မြူးခြင်းနှင့် ချဉ်းကပ်ဖူးမြော်ခြင်းမပြုနိုင်လျှင် ဝမ်းနည်းစရာအကြောင်းဖြစ်လာမည်ကို သတိပြုကြပါစို့။



**စက်တင်ဘာလ (၄) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

သင်တို့သည် တန်ခိုးကို ခံရ၍ယေရုရှလင်မြို့မှ စသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင် ငါ၏ သက်သေဖြစ်ကြလိမ့်မည်။ (တမန်တော်ဝတ္ထု၊ ၁း၈)

## "သက်သေခံခြင်းဖြင့် ..."

လှိုင်သာယာမြို့မှ စာရေးဆရာမကလေး မီးဇာ (F.B.T.S)က ကျွန်တော့်မွေးနေ့မှာ ပုံပြင်တစ်ပုဒ်ကို ရေးလျက် စာတိုက်မှ လက်ဆောင်ပို့ပေးခဲ့သည်ကို ဝေမျှပါရစေ။

တစ်ခါက ဓမ္မဆရာတစ်ပါးသည် ခရီးသွားစဉ် လူစုဝေးသော နေရာသို့ ရောက်ပါ၏။ လူစုထဲတွင် နွားသူဌေးတစ်ယောက်ကက သူ့နွားကြီးကို ကိုင်ကာ စိန်ခေါ်လေ၏။ ကျုပ်နွားကို နံပါတ်(၁)ရယ်မောအောင်၊ နံပါတ်(၂)ငိုကြွေးအောင်နံပါတ်(၃) ထွက်ပြေးအောင် လုပ်နိုင်ရင် ဒီနွားနဲ့ ကျုပ်ပိုင်တဲ့လယ်ယာမြေတစ်ဝက်ကို ပေးမယ် . . . ဟုပြောလျှင် လူစုလူဝေးသည် စိတ်ဝင်စားကာ အမျိုးမျိုးကြိုးစားကြည့်သော်လည်း အိန္ဒြေကြီးသော နွားသည် မရယ်။ စိတ်ခိုင်သော နွားသည် မငို။ ရဲရင့်သော နွားသည် ထွက်မပြေး။ လူများစွာ ကြိုးစားနေသည်ကို ဓမ္မအမှုတော်ဆောင်သည်ကြည့်ရင်း စိတ်ဝင်စားလာကာ နွားရှင်ကြီးခင်ဗျာ၊ ကျုပ်လည်း ကြိုးစားကြည့်လို့ ရမလားဟု မေးသတဲ့။ နွားရှင်က ရတာပေါ့ဗျာ။ ကဲ . . . ဓမ္မဆရာစည်းထဲဝင်လာပြီး ဟောစမ်းပါဦးဟု နောက်သလိုလှောင်သလိုပြောသတဲ့။ ဓမ္မအမှုတော်ဆောင်က နွားကြီးအနားကပ်ပြီး . . .

"ကိုနွားကြီး၊ ကျုပ်ကိုယ့်ကိုယ်ကို မိတ်ဆက်ရရင်တော့ . . . ဘုရားသခင်အတွက် အမှုဆောင်နေတဲ့သူ၊ ကမ္ဘာပေါ်မှာ အကောင်းဆုံးအလုပ်ကို လုပ်နေတဲ့သူ . . ."ဟု ပြောရုံရှိသေး။ စကားပင်မဆုံး။ နွားကြီးက ဟား ဟား ဟားနဲ့ ရယ်သတဲ့။ တစ်ခါဓမ္မအမှုတော်ဆောင်က . . .

"ကိုနွားကြီး၊ ဘုရားသခင်အတွက် အမှုဆောင်နေပေမယ့်၊ ကျွန်တော့်မိသားစုက မပြေလည်ဘူးဗျ။ ကျုပ်ရဲ့လစာငွေက သုံးထောင်ပဲရနေတုံးပဲ။ ခဲခဲယဉ်းယဉ်းစားသောက်နေထိုင်ရင်း ဆရာကတော်လည်း ပင်ပန်းနေတယ်ဗျာ။ ကလေးတွေက . . . ဟုပြော၍ မဆုံးသေး။ နွားကြီးခမျာ စိတ်မထိန်းနိုင်၍ ငိုပါလေရော။

နောက်ဆုံးတော့ ဓမ္မအမှုတော်ဆောင်က . . မငိုပါနဲ့ ကိုနွားကြီးရယ်၊ ခင်ဗျား ကျုပ်နဲ့လိုက်ခဲ့ပါလား။ အမှုတော်မြတ်မှာ အတူတူပါဝင်ဆောင်ရွက်ကြရအောင်။ သိပ်မွန်မြတ်တဲ့ အလုပ် . . . ဟုပြော၍မဆုံးသေးခင် နွားကြီးသည် ကဆုန်ပေါက်၍ ထွက်ပြေးသွားပါလေရော။ ပုံပြင်ကလေးက ဒီမျှပါပဲ မိတ်ဆွေ။ မီးဇာ၏ လက်ဆောင်ကလေးကို ဖတ်၍ဆင်ခြင်စရာကို တွေးမိပါသည်။ ဓမ္မဆရာတစ်ပါး၏ သက်သေခံချက်ကလေးက စိတ်နှလုံးခိုင်မာသော နွားကြီးကိုပင် ပြောင်းလဲစေပါ၏။ ယုံကြည်သူများသည် လောကကို အောင်မြင်ဖို့၊ မှောက်လှန်နိုင်ဖို့မှာ အလိုတော်အတိုင်း အသက်ရှင်၍ ဘုရားရှင်အတွက် ရိုးရိုးကလေးသက်သေခံခြင်းသာ နည်းပညာအစစ်ဖြစ်ပါ၏။

**စက်တင်ဘာလ (၅) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ (ရောမသြဝါဒစာ၊ ၆း၂၂)

## “ကျေးဇူးတော်သက်သက်…”

၁၉၇၀ခုနှစ် စက်တင်ဘာလ (၅)ရက်နေ့တွင် သူငယ်ချင်းနှစ်ဦး (ဂတ်နှင့် အော့စ်ဝဲ) သည် အမြင့်ပေ တစ်သောင်းခုနစ်ထောင်ရှိသော ကင်ညာတောင်ထိပ်သို့ တက်ရောက်အောင်မြင်ခဲ့ပါသည်။ ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ပြန်ဆင်းလာသောအခါ အော့စ်ဝဲသည် အရင်ဆင်းလာပြီး တောင်နံရံတွင် သပ်ရိုက်၍ ကြိုးချည်ပါသည်။ ရုတ်တရက် ဂဒ်သည် ခြေချော်ကာ. . . အောက်သို့ကျလေ၏။ အော့စ်ဝဲလစ်က ဂဒ်၏ အသက်ကယ်ကြိုးကို ဖမ်းဆွဲထားရာ မာဂသည် တောင်ကမ္ဘာ့ယံမှ တွဲလောင်းဖြစ်နေပါသည်။ ဂဒ်၏ ကိုယ်အလေးချိန်ကို ကိုင်ထားရင်း အော့စ်ဝဲ၏လက်မှအသားများပွန်းပဲ့ကုန်ပါ၏။ အလွန်နာကျင်သော်လည်း အားမလျော့ပဲဇွဲနှင့် ဆွဲထားရပါသည်။ သို့မဟုတ်လျှင်ဂဒ်သေဆုံးမည်ဖြစ်ပါ၏။ အော့စ်ဝဲသည်ကိုင်ထားသောကြိုးကို လက်မောင်းတွင် ပတ်ရစ်၍ ကြိုးစကို ကျောက်နံရံတွင် သပ်ရိုက်ထားပြီးမှ ဂဒ်ရှိရာနေရာသို့ဆင်း၍ ကြည့်သည်။

ဂဒ်၏ခြေထောက်မှ သွေးများထွက်နေ၏။ ဂဒ်ကိုလုံခြုံသောနေရာ၌ ထားခဲ့ပြီးအကူအညီလိုက်ရှာရာ၊ လေးရက်ကြာမှ ဟယ်လီကော်ပတာတစ်စီးကိုရ၍ ဆေးရုံသို့ပို့ရန်စီစဉ်ရပါ၏။ ဂဒ်ရှိသောနေရာမှာ လေယာဉ်အတွက်ခဲယဉ်းသဖြင့် သူ့ကိုကယ်ဖို့ကြိုးစားခဲ့သော ဟယ်လီကော်ပတာမောင်းသူ ဂျင်စတေး၏ လေယာဉ်စက်ပျက်သွားကာ လေယာဉ်သည် တောင်ကြားထဲကျ၍ လေယာဉ်မောင်းသူသေဆုံးသွားလေ၏။ ဂဒ်၏အခြေအနေအလွန်ဆိုးဝါးလာသည်။ ခြေထောက်မှာလည်း ရေခဲဒဏ်ကြောင့် သွေးလည်ပတ်မှုမရှိဘဲ ဖြစ်ရပါသည်။ အဖျားလည်းရှိသည်။ အခြေအနေဆိုးသော်လည်း ဂဒ်သည်စိတ်အားကိုတင်းထားသည်။

အကယ်၍ငါသေခဲ့လျှင် ဟယ်လီကော့ပတာပိုင်းလော့က ငါ့ကိုကယ်ရန်ကြိုးစားရင်း အသက်ပေးခဲ့ရသော အမှုသည် အချည်းနှီးဖြစ်လိမ့်မည်။ သူ့ကိုယ်စား ငါအသက်ရှင်ရမည်. . . ဟု အားခဲ၍ တင်းထားလေသည်။ နောက်တစ်ရက်တွင် အခြားသောကယ်ဆယ်ရေးအဖွဲ့များရောက်လာကာ ဂဒ်ကိုဆေးရုံသို့ပို့၍ တဖြည်းဖြည်းကျန်းမာလာသောအခါ သူ့ကို ကယ်ဆယ်ရင်း အသက်ပေးခဲ့သော ‘ဂျင်’ အကြောင်းကို တဖွဖွပြောနေခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်က ကျွန်တော်တို့ကိုအပြစ်ဒုစရိုက် ကမ်းပါးမှကယ်တင်ရန် ကြိုးစားရင်းအသက်ပေးခဲ့သော သခင်ယေရှုအကြောင်းကို သတိရဖို့ရန်ဖြစ်ပါသည်။ လောက၏ စုံစမ်းခြင်းနှင့် ခဲယဉ်းမှုအတွက် အားမလျော့ပါနှင့်။ အားလျော့လိုက်လျှင် သခင်ယေရှု၏ အသက်စွန့်ခြင်းသည် အချည်းနှီးဖြစ်သွားမည်ကို သိမှတ်ကြပါစို့။



**စက်တင်ဘာလ (၆) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ငါတို့သည်မတွေ့မမြင်သောအရာကို မျှော်လင့်လျှင်မူကား၊ ထိုအရာကို သည်းခံသောစိတ်နှင့် ငံ့လင့်၍နေကြ၏။ (ရောမသြဝါဒစာ၊ ၈း၂၅)

## “ရှုပါရုံ…”

ယုဒလူမျိုးတို့ ဝတ်ပြုကိုးကွယ်သောအခါကိုယ်ပေါ်မှာ စောင်ကလေးခြုံထားပါသည်။ ထိုစောင်ကလေးကို အခြေပြု၍ နိုင်ငံတော်အလံကို သူတို့ဒီဇိုင်းရေးခဲ့ပါသည်။ ကြီးမားသောဒါဝိဒ်၏ ကြယ်နှင့် အလယ်ဗဟိုအစိတ်အပိုင်းနှစ်ရပ်စလုံးမှာ လွန်ခဲ့သောကာလ၏ အောင်မြင်မှုနှင့် မေရှိယ (Messiah) ခရစ်တော်၏အနာဂတ်ကိုပါ ပြည့်ဝွန်နေပါသည်။ ဂျူးအမျိုးသား၏ အလံသည် ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်များစုပေါင်းပါဝင်လျက် အံ့သြဖွယ်အချက်မှာ နိုင်ငံမပေါ်ပေါက်မီ နှစ်ပေါင်း (၅၀) ကြို၍ ရေးဆွဲထားလေသည်။

၁၈၉၅ခုနှစ်က ဇီအုန်ဝါဒ (Zionism) ကို စိတ်ကူးအိပ်မက်ခဲ့သော ခေါင်းဆောင်ဟာဇယ် (Theodo Herzl) က နိုင်ငံတော်သစ်အတွက် ပုံကြမ်းဆွဲခဲ့ရုံမျှမက နိုင်ငံတော်အလံတစ်ခု လိုအပ်သည်ဟုလည်း တွေးတောခဲ့ပြီး ဖြစ်၏။ သူက. . . ကျွန်ုပ်တို့သည် လူအများကိုဦးဆောင်လိုသည့်ဆန္ဒရှိပါလျှင် ထိုလူအများ၏ ဦးထိပ်ထက်မှာ တင်၍ ထားအပ်သော အထိမ်းအမှတ်တစ်ခုရှိရမည်။ ထိုအထိမ်းအမှတ်မှာ အဝတ်စတစ်ခုပင် ဖြစ်စေ၊ အလံတော်အဖြစ်သတ်မှတ်လိုက်လျှင် တံမြက်စည်းအရိုးတံ၏ ထိပ်မှာ တပ်ထား၍ထားစေကာမူ၊ ယုဒလူထုကြီးကို မွန်မြတ်သန့်ရှင်းသောမြေ (Holy Land) သို့ ပြန်လာအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု ရေးသားပြောဆိုခဲ့ပါသည်။ နောက်နှစ်နှစ်ကြာလျှင်. . . ဇီအုန်ဝါဒ ညီလာခံကို ဘက်ဆဲမြို့တွင် ကျင်းပ၍ ကိုယ်စားလှယ်တစ်ဦးဖြစ်သော ဒေးဗစ်ဝုဖဇွန်ကို ဂျူး အလံတော်ရေးဆွဲရန် တာဝန်ပေးလျှင်သူက. . .

“ငါတို့သည်၊ ငါတို့အိမ်ထဲမှာ ပါလာသော ဆုတောင်းဝတ်ပြုရာ၌ သုံးသည့်ခြုံစောင်ငယ်ကို ထုတ်၍ အားလုံးသောဣသရေလလူမျိုးနှင့် အခြားအမျိုးသားတို့၏ မျက်စိရှေ့မှောက်၌ ဖြန့်ကာပြလော့. . . ”ဟု ပြောရင်း ထိုခြုံစောင်၏. . . အပြာနှင့် အဖြူတန်းကြားမှာ ဒါဝိဒ်မင်း၏ ကြယ်ကို ထည့်လိုက်ပါ၏။ ၁၉၄၈ ခုနှစ် ဣသရေလနိုင်ငံ ပြန်လည်တည်ထောင်လျှင် ဇီအုန်ဝါဒီ၏ အလံသည် နိုင်ငံတော်အလံဖြစ်လာခဲ့ပါ၏။

မျှော်လင့်ခြင်းနှင့်အတူ ယုံကြည်ခြင်း ပူးပေါင်းထားသောအရာကို ရှုပါရုံဟု ခေါ်ပါ၏။ ခေါင်းဆောင်တို့၏ ရှုပါရုံတို့ တိုင်းပြည်မရခင်အလံတော် ရေးဆွဲသောအကြောင်းက ထင်ရှားစေပါ၏။ ကျွန်တော်တို့၏ ရှုပါရုံသည် မျှော်လင့်ခြင်းသက်သက်ဖြင့် မပြည့်စုံ။ ယုံကြည်စွာ လုပ်ဆောင်ခြင်းနှင့် တွဲဖက်မှ သက်ဝင်၍ အောင်မြင်ရာဖြစ်ပါ၏။

**စက်တင်ဘာလ (၇) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

အကြောင်းမူကား၊ ငါသည် တွေ့ကြုံသမျှသော အချင်းအရာတို့၌ ရောင့်ရဲသော စိတ်ရှိအံ့သောငှာသင်မိပြီ။ (ဖိလိပ္ပိသြဝါဒစာ၊ ၄း၁၁)

## "ယုံကြည်ခြင်းရှိသည့်အတိုင်း...."

ဆရာကြီးစပါဂျင်က ပြောဖူးသည်မှာ တစ်နေ့သောအခါ ဒေဝါလီခံသော (လူမွဲအဖြစ်ခံယူသော) ဘဏ်သူဌေးကြီးသည် ဆိုဖာတစ်စုံကို ဝယ်ယူသောကြောင့် ဤဘဝသို့ ရောက်သွားသည်ဟု ဆို၏။ သူ၏ ရှင်းပြချက်မှာ အစအဦးက ဆိုဖာတစ်စုံကို ဝယ်ရာထိုင်၍ အလွန်ငြိမ့်ငြောင်းပြီး အရသာ ကောင်းလှသည်။ လှပ၍ တန်ဖိုးကြီးမား၏။ ထို့ကြောင့် သူ့ ပတ်ဝန်းကျင်ရှိ ပရိဘောဂများသည် သူနှင့် အဆင့်အတန်းမတူညီသောကြောင့် တန်ဖိုးကြီးမားသောပစ္စည်းကို ဝယ်ရ၏။ ထိုကဲ့သို့ပင် ကုလားကာများ၊ နံရံဆေးသုတ်ခြင်းမှအစ၊ ဆက်၍ ဆက်၍ ပြုပြင်ရပြန်သည်။ အခြားအခန်းများကလည်း မညီညွှတ်ပြန်၍ စျေးပေါပေါနှင့် ပရိဘောဂများကို ရောင်းရပါသည်။ နောက်. . . ခေတ်မှီတာတွေ ပြန်ထည့်နှင့် ပြုပြင်၍ မဆုံးနိုင်တော့ပါ။ လုပ်လက်စနှင့်မို့ ရပ်ထား၍လည်း မရပါ။ ဆက်ကာဆက်ကာ ဝယ်ခြမ်းပြင်ဆင်ရတာနှင့် နောက်တော့တိုက်သစ်တစ်လုံး ဆောက်ရပါသတဲ့။ အတိုချုံး၍ ပြောရလျှင်. . . ပြင်ဆင်စရိတ်များသထက်များလာ၊ ရပ်တန့်၍လည်း မကျေနပ်နိုင်၊ မရောင့်ရဲနိုင်သဖြင့် နောက်ဆုံးတွင် ဒေဝါလီခံရသော ဘဝသို့ ရောက်သွားပါ၏။

ကျွန်တော်တို့အသက်တာ၌လည်း လိုချင်စရာတွေများလှပါသည်။ ရလေ. . . လိုလေဆိုသောစကားအတိုင်း လောဘတဏှာဖြစ်မှန်းမသိ ဖြစ်လာကြပါသည်။ ထို့ကြောင့် ငွေကိုပို၍ရှာရပါသည်။ ကိုယ်စိတ်နှလုံးပင်ပန်းရပါသည်။ ဟေဗြဲသြဝါဒစာတွင်. . . သင်တို့၏ ကျင့်ကြံပြုမူခြင်းသည် ငွေကိုတပ်မက်ခြင်းနှင့် ကင်းလွတ်၍ ကိုယ်၌ရှိသော ဥစ္စာနှင့် ရောင့်ရဲခြင်းရှိကြလော့။ အကြောင်းမူကား. . . ငါသည် သင်တို့ကို မစွန့်၊ သင်တို့ကို အလျှဉ်းပြစ်မထား. . .'ဟု ကျမ်းစာလာဂတိတော်ရှိပါသည်။ (ဟေဗြဲ၊ ၁၃း၁၅) ထို့ကြောင့်. . . တပ်မက်လိုချင်သောစိတ်အများကို ထိန်းသိမ်းလျက်. . . မရရင်လည်း ဘာမှမဖြစ်ပါဘူး။ လိုရင်တော့ ဘုရားသခင်ပေးမှာပဲဟု အောက်မေ့ဖို့ရန် လိုအပ်ပါသည်။

ကြိမ်ဖန်များစွာပင် မခံသင့် ဝန်ကို ထမ်းခဲ့ပါသည်။ ကိုယ်တော်သည် အသက်မွေးလောက်သော အစာကိုပေးသော်လည်း၊ ရောင့်ရဲသောစိတ်မရှိသဖြင့် သွေးဆောင်ခြင်းနောက်သို့ ရောက်ရောက်သွားရပါသည်။ ယနေ့တွင် ဤအမှုကို ဆင်ခြင်လျက် တင်းမာသောစိတ်ကို ဖြေလျှော့ကြပါစို့။ စင်စစ်. . . သံချေးပိုးရွ ဖျက်ဆီးတတ်သောခံစာစရာများအတွက် ပင်ပန်းဆင်းရဲခြင်းကို လျှော့ချ၍ သခင်ထံသို့ တိုးဝင်လျက် ဝမ်းမြောက်ရွှင်လန်းခွင့်ကိုသာ တောင်းခံကြပါစို့။



**စက်တင်ဘာလ (၈) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သော မိန်းမမူကား၊ ချီးမွမ်းခြင်းကိုခံရလိမ့်မည်။ (သုတ္တံကျမ်း၊ ၃၁း၃၀)

## "လှည့်စားခြင်းနှင့် ...."

ညစဉ်ခွန်အားစာစောင်ကို လာရောက်ကူညီနေသော 'စပိန်'အမည်ရှိသော မိန်းကလေးသည် တကယ်လည်း ပိန်၏။ အရပ်ရှည်၏။ မျက်နှာမျက်ဝန်းလည်း လှပါ၏။ ဆံပင်အရှည်ထား၍ တကယ်လည်း ဆံပင်သန်ကာ သူ့ကိုယ်ကို လှလှပပနေတတ်ပါသည်။ ညညဆိုလျှင် ရုပ်မြင်သံကြားမှ လာသောကြော်ငြာများကို ကြည့်သောအခါ ဆံပင်ရှည်ရှည်နှင့် စံပြမယ်များသည် ခဏခဏခေါင်းလျှော်ပြသည်။ လက်ဆောင်ဆုမဲများ ရရုံမက ပိုးသားကလေးလို နူးညံ့သောဆံပင်ကို ပိုင်ဆိုင်သွားရုံမက အချို့မှာ တီဗွီကြီးများ၊ အောက်စက်ကြီးများသာမက ငွေကို သိန်းချီ၍ရသွားသည်ကိုမြင်လျှင် ဆင်းရဲသူပင်ဖြစ်လင့်ကစား မိရိုးဖလာခေါင်းလျှော်ရည်ဖြစ်သော တရော်၊ ကင်ပွန်းနှင့် ထောလပတ်ရွက်ကို ပစ်လိုက်လေ၏။ မြန်မြန်ဆန်ဆန်အသုံးပြုနိုင်သော တံဆိပ်လှလှခေါင်းလျှော်ရည်ထုပ်များကို ဝယ်သုံးရာ၊ ယခုထိ ကံစမ်းမဲမပေါက်သေးပါ။ တစ်နေ့တွင်. . . ခေါင်းလျှော်ရည်မျက်လုံးထဲဝင်သွား၍ တော်တော်နှင့်ဆေးကြောပစ်၍မရ။ မျက်လုံးကြီးယောင်ယမ်းကာ နီရဲလေ၏။ ပထမတော့ ပေါ့ပေါ့ပါပဲ။ တော်တော်ကြာပျောက်သွားမည်ဟု အောက်မေ့သော်လည်း. . . ရက်ပေါင်းကြာသော်လည်း မသက်သာသဖြင့် အလုပ်မလုပ်နိုင်ပဲ မျက်လုံးနီနီမှိုမှိုဖြစ်လာ၍ ဆေးရုံ၊ ဆေးခန်းသို့ လိုက်လံ ပြသရပါသည်။

မျက်ကြည်လွှာယောင်သွားတာ။ ပေါက်ပြဲမသွား၍ တော်သေးသည်။ သို့သော်လည်း အတော်ကလေးကုသလိုက်ရသဖြင့် လူလည်းပင်ပန်း၊ ငွေလည်းမရှိတဲ့အထဲ ကုန်ကျရပါ၏။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် ဝေဒနာကို တစ်ပတ်မျှ ခံစားရရာ ပိန်သောစပိန်မှာ လိန်လိန်ကလေး ကိုယ်ခန္ဓာနှင့် စလိန်ဖြစ်သွားလေ၏။ ခေါင်းလျှော်ရည်တံဆိပ်လှလှကလေးဆို အသေလန့်သွားပါသည်။

သုတ္တံဆရာက. . . မိန်းကလေးတစ်ယောက်ချီးမွမ်းခံရဖို့မှာ ထာဝရဘုရားကို ကြောက်ရွံ့ရန်အဓိကဖြစ်လေ၏။ အဓိပ္ပါယ်မှာ အကျင့်သီလကောင်းမွန်ရန် ပထမဖြစ်ပါသည်။ သီလနှင့် ပြည့်စုံသောမိန်းကလေးသည် ပတ္တမြားထက်အဖိုးသာ၍ ထိုက်ပေသည်. . . ဟု ကျမ်းစာလာပါသည်။ ယခုကာလ၌မူ လှစေချင်၍သွားကြောင်တိုက်၊ ရေစီကမ်းပြိုလိုက်သူအများရှိပါသည်။ ဤအကြောင်းကို ဆင်ခြင်၍ ကိုယ်ခန္ဓာအလှအပအားဖြင့်သာ စွန့်စားမှုအမျိုးမျိုးကို မပြုလုပ်ဖို့ရန် သိမှတ်ရပါမည်။ ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်ပါသည်။ လှပသောအရာသည်လည်း အချည်းနှီးဖြစ်သောကြောင့် သမီးငယ်။ သားငယ်များသည် အဆင်းအလှထက် အချင်းအရသာကို ရှာဖွေတန်ဖိုးထားရန် ဖြစ်ပါ၏။ သူတစ်ပါးက. . . လှည့်ဖျားဆွဲဆောင်သည့်တိုင်၊ ဝေဖန်နိုင်သောသဘောနှင့် သုတ္တံစကားအတိုင်း အသက်ရှင်နေနိုင်ဖို့ ကြိုးစားကြပါစို့။

**စက်တင်ဘာလ (၉) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

သခင်. . . ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏. . . ဟု (ပေတရု) လျှောက်သော် ငါ့သိုးတို့ကို ထိန်းလော့. . . ဟုမိန့်တော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၂၁း၁၆)

## "မေတ္တာမျိုးစေ့ ...."

**ဒေါက်နီကိုလပ်အမည်ရှိ သာသနာပြုဆရာသည် (၁၉၆၇)ခုနှစ်တွင် အိန္ဒိယပြည်၌ အမှုတော်ဆောင်ခဲ့ပါသည်။ တစ်နေ့တွင် တီဘီရောဂါကို ခံစားရ၍ ဆေးရုံတက်ရပါသည်။ ထိုကုးစက်ဆေးရုံ၌ နေရစဉ် ဧဝံဂေလိတရားဟောကြိုးစားခဲ့ပါ၏။ ဝေစာများကို ပေးလျှင် မည်သူမျှ လက်မခံ။ တရားဟောလျှင်လည်း မည်သူမျှ နားမထောင်ပါ။ လူများသည် သူနှင့် ကင်းကင်းနေရာ၊ ကယ်တင်ခြင်းသတင်းစကားကိုလည်း ငြင်းပယ်ကြပါသည်။ တစ်နေ့ တွင်. . .**

**ပြင်းထန်သောချောင်းဆိုးရောဂါကြောင့် နံနက်စောစောအချိန်တွင် အဖိုးအိုတစ်ယောက်သည် သူ၏ ကုတင်အစွန်း၌ ထိုင်ရန် ကြိုးစားသည်ကို သတိပြုမိသည်။ သို့သော်လည်း အားနည်းသောကြောင့် ပြန်၍လဲသွားသည်။ အဖိုးအိုသည် အားအင်ကုန်ဆုံးသောကြောင့် မထနိုင်ပဲငိုနေသည်။ နောက်တစ်မနက်တွင်လည်း ထိုမြင်ကွင်းကိုပင် ထပ်၍ မြင်ရသည်။ ထို့နောက် အညစ်အကြေးများကို ကုတင်ပေါ်မှာပဲ စွန့်လိုက်ရာ သူနာပြုဆရာမများ ရောက်လာလျှင် အလွန်ဒေါသထွက်လေ၏။ တစ်ယောက်ကဆိုလျှင် ဒေါသထွက်လွန်းသဖြင့် သူမ၏ပါးကိုပင် ရိုက်ခဲ့လေသည်။**

**နောက်တစ်နေ့နံနက် နှစ်နာရီတွင် အဖိုးအိုသည် ကုတင်ပေါ်မှဆင်းရန်အားရှိသမျှ စိုက်ထုတ်နေသည်ကို သတိထားမိပြန်သည်။ ထိုအချိန်တွင် ဒေါက်သည် စဉ်းစားမနေတော့ ပဲ၊ အဖိုးအိုရှိသော နေရာသို့သွားကာ လက်တစ်ဖက်ကို သူ၏အနောက်ဖက်၌ထားပြီး အခြားတစ်ဖက်ကို ခြေထောက်၌ထားပြီး ညင်သာစွာမကာ သန့်စင်ခန်းသို့ ပွေ့ချီသွားလေ သည်။ သူ၏ အညစ်အကြေးစွန့်ခြင်းကိစ္စများပြီးလျှင် အိပ်ယာထဲသို့ တဖန်ပြန်၍ ချီလာပါ ၏။ ထို့နေ့ နံနက်တွင် နိုးလာသော ဒေါက်ကို အင်္ဂလိပ်စကားမပြောတတ်သော လူတစ် ယောက်က လက်ဖက်ရည်ပူပူတစ်ခွက် လာတိုက်ပါ၏။ ထိုလူနာ၏ လက်ဖက်ရည်ကို ဒေါက် သောက်ပြီးလျှင် ဝေစာတစ်ချို့ရလိုကြောင်း အမူအယာပြပါ၏။ ထိုနေ့မှစ၍. . . ဆေးရုံ တစ်ခုလုံးသို့ ရှင်ယောဟန်ကျမ်းစာအုပ်ငယ်နှင့် ဝေစာကျမ်းပိုင်းတို့ နှံ့ပြားသွားလေသည်။ ရက်အနည်းငယ်အတွင်းမှာပင် ကယ်တင်ခြင်း သတင်းကောင်းကိုဖတ်၍ အများစုသည် ကိုယ်တော်ကို လက်ခံလိုက်ကြပါ၏။**

**ဒေါက်က အပြင်အထန်စဉ်းစားခဲ့ပါ၏။ ငါ. . ဘာလုပ်လို့လဲ။ ငါဘာလုပ်ခဲ့တာလဲ. . ။ နောက်ဆုံးတော့ သူသိတာတစ်ခုပဲရှိပါသတဲ့။ "ကျွန်တော်သည် အဖိုးအိုတစ်ယောက်ကို သန့်စင်ခန်းထဲသို့ ယူဆောင်သွားခြင်းသာဖြစ်ပါသည်။ ဤအရာကို လူတိုင်းလုပ်နိုင်ပါသည်" ဟူ၍ ဖြစ်ပါ၏။ ကျွန်တော်တို့ လုပ်နိုင်တယ်၊ လုပ်ခွင့်လည်းရှိပါတယ်။ သို့သော်မလုပ်ဖြစ်သောကိစ္စ ရိုးရိုးကလေးတစ်ခုကို စတင်၍ လုပ်ဆောင်လျှင် ပြောင်လဲမှုတစ်ခုကို ဘုရားသခင်က အံ့ဩဖွယ်ပေးပါလိမ့်မည်။**



**စက်တင်ဘာလ (၁၀) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ဆိုးသောသူသည် မိမိလမ်းကိုလည်းကောင်း၊ မတရားသောသူသည် မိမိအကြံတို့ကိုလည်းကောင်း၊ စွန့်ပစ်၍ ဘုရားသခင်ထံသို့ ပြောင်းလဲရမည်။ (ဟေရှာယအနာဂတ္တိကျမ်း၊ ၅၅း၇)

## "ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ..."

ဆူဆူညံညံ၊ ပူပူလောင်လောင် ခေတ်ပေါ် ရက်ပါများသည် တေးသံရှင်များဖြစ်ချင်တော့ ဖြစ်လိမ့်မည်။ သီချင်းဆိုနေတာ. . . ဟုပြောဖို့တော်တော်ခက်ပါသည်။ ဒေါသတကြီးသို့မဟုတ် မကျေမနပ်နှင့် လက်ညှိုးထိုးကာ ပြောနေဆိုနေတာများ အသက်ရှူရန်ပင် သတိမရ။ သူ့ခမျာမှာလည်း ပင်ပန်း၊ ကြားရသောကျွန်တော်တို့မှာလည်း မသက်သာပါ။ ဒါကိုပဲ သားနှင့် သမီးကကြိုက်လွန်းသဖြင့် ထိုစာဖတ်နေသော အဆိုတော်များ၏ အခွေကိုဖွင့်ဖွင့်ထားရာ ကျွန်တော့်မှာ စိတ်ပင်ပန်းလှပါ၏။ သို့သော်ဥပုသ်နေ့ရောက်လျှင် ဓမ္မသီချင်းမှလွဲ၍ မဖွင့်ရဟု ဆိုထားသော ဇနီးသည်၏ အမိန့်ကြောင့် ဥပုသ်နေ့မှာတော့ နှလုံးစိတ်ဝမ်းငြိမ်းချမ်းရပါ၏။ ယခုတစ်ပတ် ကျွန်တော် နားထောင်ရသော သီချင်းမှာ ဂျွန်နယူတန်ရေးခဲ့သော. . . ကျေးဇူးမေတ္တာ၊ အံ့ဖွယ်ချိုသာ. . . အစချီသော ဓမ္မသီချင်းဖြစ်ပါသည်။ ငယ်ငယ်တုံးက မော်လမြိုင်ကောလိပ်မှာ ကျောင်းနေစဉ် သီချင်းဆိုကောင်းလှသော သူငယ်ချင်း နော်စကောဖော၏ အသံဖြင့် ပထမဦးဆုံးကြားဖူးခဲ့ကတည်းက ခွန်အားရလျက် ငြိမ်သက်ခြင်းကို ပေးသောဓမ္မသီချင်း ဖြစ်ပါသည်။

ဤသီချင်းကို ရေးသောဆရာသည် အသက် (၆)နှစ်မှာ မိဘမဲ့ဖြစ်လျက် လူပျိုအရွယ်တွင် ရေတပ်ထဲသို့ဝင်ပြီး ဘုရင်တပ်မတော်၌ အမှုထမ်းခဲ့ဖူးပါသည်။ သို့သော်လည်း သင်္ဘောသားအဖြစ် အသက်တဖန်မွေးကာ ပင်လယ်ထဲမှာ ကြမ်းကြမ်းတမ်းတမ်း အသက်ရှင်ခဲ့ပါ၏။ သင်္ဘောပေါ်မှ ပစ်ချခံရလျက်၊ မိုန်းနှင့် အထိုးခံရသလို တစ်ခါတရံမှာ ကျွန်ကို သယ်သော သင်္ဘောကက်ပတိန်လည်း ဖြစ်ဖူးပါ၏။ ပင်လယ်လှိုင်းနှင့် သဏ္ဍာန်တူသော ဘဝခရီးကို ဂျွန်နယူတန်သည် သမုဒ္ဒရာထဲမှာ အတန်ကြာဖြတ်သန်းနေရင်း တစ်နေ့တွင် အတ္တလန္တိတ်သမုဒ္ဒရာထဲမှာ သင်္ဘောသည် မုန်တိုင်းထဲမှာ ပျက်လုလုဖြစ်တော့မှ ပထမဦးဆုံး ဆုတောင်းဖူးသတဲ့။ ကျွန်ုပ်၏ ကွယ်လွန်သွားသော မိခင်၏ ဘုရားသခင်၊ ကျွန်ုပ်ကိုသနားတော်မူပါ. . ဟူ၍ ဖြစ်ပါ၏။

အချိန်ကာလအတိုင်းအတာတစ်ခုကို လွန်သွားပြီးနောက် ပြောင်းလဲခြင်းရကာ အင်္ဂလီကန်ဘုန်းတော်ကြီးဖြစ်လာကာ ဓမ္မသီချင်းအပုဒ်ပေါင်း (၂၈၀)ကျော် သီကုံးစပ်ဆိုခဲ့ပါ၏။ သူ ကွယ်လွန်သောအခါ သူ၏တောင်းဆိုချက်အရ. . . သူ၏ အုတ်ဂူပေါ်၌ ထွင်း၍ရေးသော စာမှာ. . .

"ဂျွန်နယူတန်။ တစ်ခါက ရုံးစာရေးဖြစ်ဖူးသူ။ အယူမှားသူ။ အကျင့်ပျက်ခဲ့ဖူးသူ။ အာဖရိကရှိ ကျွန်များကို စေခိုင်းရောင်းစားသောသူ။ ကယ်တင်ရှင်သခင် ယေရှု၏ ဂရုဏာတော်ကြောင့် ခွင့်လွှတ်ခြင်းကို ခံရလျက် ပြန်လည်ထူထောင်ခွင့်ရှိသူ။ တစ်ချိန်ကငြင်းပယ်ခဲ့သော်လည်း ယုံကြည်ခြင်းကို ဟောပြောရန် ခန့်ထားခြင်းခံရသောသူ. . . "ဟူ၍ ဖြစ်ပါ၏။

**စက်တင်ဘာလ (၁၁) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

ငါတို့ပြစ်မှားသည်အလျောက် ငါတို့၌ ပြုတော်မမူ။ ဒုစရိုက်ရှိသည့်အတိုင်း၊ အပြစ်ကိုပေးတော်မမူ။ ကြောက်ရွံ့သောသူတို့၌ ဂရုဏာသည် အားကြီး၏။ (ဆာလံကျမ်း၊ ၁၀၃း၁၀-၁၁)

## "ကြောက်ရွံ့သောသူတို့၌ ..."

တစ်ခါတုံးက ရန်ဖြစ်ခဲ့ဖူးပါ၏။ တက္ကသိုလ်တွင် သူငယ်ချင်း. . နယ်လီလှကိုအကြောင်းပြု၍ ကျွန်တော့သူငယ်ချင်းမိုက်ကယ်က ဇော်ဝမ်းထွန်းနှင့် စကားများလာပါသည်။ နယ်လီမှာချစ်သူရှိသော်လည်း၊ ဇော်ဝမ်းထွန်းက ဂရုမစိုက်ပဲ အတင်းစာပေးခိုင်းရာမှ သူတို့အချင်းချင်း ငြိသွားပါ၏။ မကျေမနပ်ဖြစ်နေသော မိုက်ကယ်နှင့် ဇော်ဝမ်းထွန်းတို့ချိန်းကြရာ ကျွန်တော့်ကို မိုက်ကယ်ကလိုက်ခဲ့ရန်ပြောလျှင်၊ မင်းက ကရာတေးတွေ၊ ဂျူဒိုတွေတတ်တယ်၊ ငါကဘာမှမတတ်ဘူး၊ လိုက်လို့မဖြစ်ဘူးထင်တယ်ဟု ငြင်းသော်လည်း တစ်ခန်းတည်းသူငယ်ချင်းလည်းဖြစ်ရာ သူငယ်ချင်းမပီသသူဟုပြောပြန်၏။ ရန်ဖြစ်ရင်ကျောင်းထုတ်ခံရ မှာဟု ငြင်းသော်လည်း၊ အလကား၊ ငပေါ၊ သတ္တိမရှိဘူးဟု သူကစိတ်ဆိုးသဖြင့် မခံနိုင်ကာ အဲသလိုတော့မပြောနဲ့၊ ဖဒိုကလာတဲ့ကောင်တွေ၊ အချဉ်မဟုတ်ဘူး. . .ဟု စိတ်ကြွလျက် ထလိုက်မိပါ၏။ ချိန်းချက်ထားသောနေရာသို့ ရောက်လျှင်၊ ကျွန်တော်ကကြောက်သော် လည်း ရမ်ဘိုစတိုင်နှင့် အိုက်တင်ထုတ်ထားပါ၏။ လူရှိန်အောင်ပေါ့လေ။ သို့သော်တကယ်ချ ကြမယ်ဆိုတော့ ဇော်ဝမ်းထွန်းက ကရာတေးတတ်သော မိုက်ကယ်ကိုမချ။ ကျွန်တော့်ကို ဘာမှမတတ်မှန်းသိ၍ ချလေ၏။ ဟိုက်. . . ဒုက္ခပဲ။ သေပါပြီဟုအောက်မေ့ရင်းကြောက် ကြောက်နှင့် လက်နှစ်ဖက်ကိုဆန့်ပြီးကာထားရာ မတော်မဆပင်ပြေးဝင်လာသော ဇော်ဝမ်းထွန်း၏ မျက်နှာကိုလက်နှင့်တားမိ၏။ ထို့နောက်တွန်းပစ်လေ၏။ ဒါပဲတတ်နိုင်သည်။ ကျွန်တော်လှည့်ပြေးဖို့ အလုပ်မှဇော်ထွန်းကလဲလေသည်။ ကျွန်တော့်ရှေ့မှ ဗိုင်းကနဲလဲကာ တိုက်တိုက်ဆိုင်ဆိုင်ပင် ဒူးရင်းပင်စည် ပေါ်လဲသဖြင့် ခါနေသောသူ့ရှေ့သွားသုံးချောင်း သည်ကျိုး၏။

သူ့ပါးစပ်မှ သွေးများထွက်လာလျှင် ဘာမှမစဉ်းစား။ ရန်ပွဲမှ တရှိန်ထိုးပြေးထွက်ခဲ့ပါသည်။ ကြာခဲ့သောအပြစ်သည်. . . နှစ်သုံးဆယ်ကြာမှ ရန်ကုန်မြို့၊ လှည်းတန်းမှာပြန်တွေ့ လျှင် ဇော်ဝမ်းထွန်းက ကျွန်တော့်ကိုခေါ်၍ လက်ဖက်ရည်ဆိုင်မှာတွေ့သောအခါ သူ့ကိုမ မှတ်မိ။ သူကဟောင်းလောင်းဖြစ်နေသော ပါးစပ်ကို ဟလျက် မင်းလုပ်ခဲ့တာလေ. . .ဟုပြောမှ ပြန်သတိရပါ၏။ ဒုက္ခပဲ. . . ဒီလူခုမှ ဂလဲ့စားချေမလားဟု စိုးရိမ်သွားပါ၏။ သို့သော် မင်းကြောက်ကြောက်နဲ့ လုပ်ခဲ့တာငါသိပါတယ်။ ငါခွင့်လွှတ်ပါတယ်. . ဟုသူကပြောပါ၏။ အားနာနာနှင့် လက်ဖက်ရည်သောက်ရင်း ခွင့်လွှတ်ခြင်းအကြောင်းကို ဆင်ခြင်မိပါသည်။ သူ့ကိုလည်း ကျေးဇူးတင်ပါ၏။ အကယ်၍များ တရုတ်ကားထဲကလို ခုမှ ရန်ငြိုးကိုအကြွေးတောင်းလျှင် အိုကြီးအိုမကျမှ ဘာမှမတတ်နိုင်တော့ပါ။

ဘုရားသခင်အပေါ်မှာ ပြစ်မှားခဲ့သောအရာအများရှိလျက် ဖန်ဆင်းရှင်ကို စိတ်ပျက်စေပါ၏။ သို့သော်ကိုယ်တော်သည် ဒုစရိုက်ရှိသည့်အတိုင်း အပြစ်ပေးခဲ့လျှင် ကယ်တင်ခြင်းမရှိ၊ ငရဲ၌ထာဝရလောင်ကျွမ်းခံရပါလိမ့်မည်။ သို့သော် ဂရုဏာတော်အားကြီးသောကြောင့် အပြစ်လွှတ်သောအခွင့်ကို ခံစားကြရပါသည်။ တစ်ချက်တော့ရှိသည်။ ကိုယ်တော်ကို ကြောက်ရွံ့ရန်တော့ လိုအပ်ပါ၏။



**စက်တင်ဘာလ (၁၂) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

အကြောင်းမူကား၊ ဂတိတော်သည် သင်တို့နှင့်လည်းကောင်း၊ သင်တို့သားသမီး တို့နှင့်၎င်း၊ ခေါ်တော်မူသမျှသော သူတို့နှင့် ဆိုင်သည်။ (တမန်တော်ဝတ္ထု၊ ၂း၃၉)

## "သားသမီးတို့နှင့် လည်းကောင်း ...."

မိခင်နှစ်ဦးထံမှပေးပို့သော စာနှင့် အလှူငွေကို ယခုလမှာ ကျွန်တော်လက်ခံရရှိပါသည်။ တစ်ဦးကတော့ အင်းစိန်မြို့မှဖြစ်၍ ပေးပို့သောအလှူငွေကို မဖော်ပြပါနှင့်။ သမီးနှစ်ယောက်အတွက် အထူးဆုတောင်းပေးပါ။ ဆုတောင်းချက်ကတော့၊ ပညာတတ်သူများဖြစ်စေချင်ပါတယ်။ တစ်ချိန်တည်းမှာ ဘုရားသခင်အလိုတော်အတိုင်း ကြီးပြင်းလာဖို့နှင့် ဘုရားသခင်ကို အမှန်တကယ်၊ ချစ်ခင်သူ၊ ကြောက်ရွံ့သူ၊ ရိုသေလေးစားသူ၊ ထို့နောက်မှာ လူတို့ရှေ့၊ ဘုရားသခင်ရှေ့မှာ မျက်နှာရသူဖြစ်စေချင်ပါသတဲ့။ အိမ်ထောင်မိသားစုကလည်း ခရစ်ယာန်ပီပီသသ အသက်ရှင်နေထိုင်ရုံမက၊ ဝန်းကျင်မှာလည်းကောင်းသော ပုံသက်သေဖြစ်စေချင်ပါတယ်။ မိသားစုသည် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ကျေးဇူးတော်ကိုချီးမွမ်းလျက် ဝိညာဉ်ရေးရာမှာကြီးထွားရင့် ကျက်စေချင်ပါတယ်. . ဟု ပြည့်ပြည့်စုံစုံရေးထားရာ အလွန်ပင်အားရလျက် စိတ်နှလုံးပါလျက် ဆုတောင်းပေးမိရင်း၊ တစ်ချိန်တည်းမှာ မိခင်တစ်ဦး၊ အိမ်ရှင်မတစ်ဦး၏ စိတ်ဆန္ဒသဘောထားကို လေးစားမိပါသည်။ သူမနည်းတူပင်. . . ရွှေပြည်သာမှ မိခင်တစ်ဦးကလည်း နံနက်စောစောတွင် သူ၏သားကိုလာစေလျက် သား၏မွေးနေ့ကို ရေးပေးလိုက်ပါသည်။ ထိုမိခင်များ၏. . . စေတနာသည် အံ့သြဖွယ်ဖြစ်ပါသည်။

မိမိ၏ကိုယ်ရေးကိုယ်တာကိုသာမက သားသမီးများ၏ အရေးအရာကိုလည်း ဂရုစိုက်သော မိခင်များဖြစ်ပါ၏။ မိမိ၏ဝိညာဉ်ရေးကိုသာမက သားသမီးများ၏ဝိညာဉ်ရေးကိုလည်း အလေးထားပါသည်။ ခဲယဉ်းသောကာလ၌ သားသမီးအများကို မိဘများကလက်လျှော့ထားရပါ၏။ မတတ်နိုင်တော့ဘူး၊ ပြောတာပဲ. . . မရမှမရတော့၊ သူတို့လမ်းပဲ. . . ဟု အောက်မေ့လျှင် လုံးလုံးဆုံးရှုံးသွားမှာကို သတိပြုမှာဖြစ်ပါသည်။ အတိုင်းအတာတစ်ခုအထိပင်ပန်းခဲ့လျှင်လည်း ကြိုးစား၍သွန်သင်လမ်းပြရပါဦးမည်။ တရားသူကြီးမှတ်စာ ၆း၆ တွင် နှုတ်ကပတ်တော်စကားကို သင်၏သားသမီးတို့အား ကြိုးစား၍သွန်သင်ရမည်ဟု ကျမ်းစာလာပါသည်။

စာမေးပွဲကျသော သားသမီး၊ စကားနားမထောင်၍စိတ်ပျက်ဖွယ်သတင်းကို ယူဆောင်လာသော သားသမီးများအတွက်၊ ဘာမှဆက်မလုပ်ပေးလျှင် ယခင်ကပြုခဲ့သမျှသည် အလဟာသဖြစ်သွားမည်ကို ဆင်ခြင်ကြရအောင်။ မတတ်နိုင်တော့ဘူး. . ဟုခံစားရလျှင် ကိုယ်တော်ထံသို့ ဝင်ချဉ်းကပ်၍ ခွန်အားယူကြရပါမည်။ တောင်းဆိုး၊ ပုလုံးဆိုးကို ပစ်ရိုးရှိသော်လည်း သားသမီးသည်ပြစ်စရာမဟုတ်။ ချစ်စရာဖြစ်ပါသည်။ တမန်တော် ဝတ္ထုတွင် ဘုရားသခင်၏ ဂတိတော်သည် မိမိအတွက်သာမဟုတ်။ သားသမီး၊ အိမ်သူအိမ်သားအားလုံးနှင့် သက်ဆိုင်သောကြောင့် အစဉ်သဖြင့်၊ သွန်သင်သောအရာ၊ ဆုတောင်းသောအရာ၊ ပြုစုသောအရာ၌ အားမလျှော့ပဲ သမ္မာလမ်းသို့ ကြိုးစား၍. . . ပို့ဆောင်သော မိခင်များကို ပုံသက်သေပြုကြပါစို့။

**စက်တင်ဘာလ (၁၃) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ထိုဆင်းရဲသောမုဆိုးမသည် အခြားသောသူအပေါင်းတို့ထက်သာ၍ သွင်းချပြီ။ အလွန်ဆင်းရဲလျက်ပင် မိမိအသက်မွေးစရာဥစ္စာရှိသမျှကို သွင်းချလေပြီ။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၂၁း၄)

## "ပေးလှူခြင်းများ ..."

ကျွန်တော်တို့မိသားစုနှင့် ခင်မင်သောဆရာမတစ်ဦးရှိပါသည်။ လှလှပပချောချောမောမောနှင့် အသက်နှင့်မမျှအောင် နုပျိုလျက်အစဉ် တက်ကြွတတ်သောကြောင့် သူမကလာလည်သောအခါ နှုတ်ဆက်ကြား ရှင်လန်းကြပါ၏။ တစ်နေ့တွင် သူမက. . . ညစဉ်ခွန်အားအတွက် ငွေငါးထောင်ကျပ်ကို လာပေးလှူရင်း ဆရာ၊ စာအုပ်ထဲမထည့်နဲ့။ နည်းနည်းလေးဆိုတော့ ရှက်တယ်။ နှစ်သောင်းပြည့်မှထည့်ပါ. . . ဟုနောက်သလိုလိုနှင့် ပွင့်ပွင့်လင်းလင်းပြောရာ၊ ရယ်မောမိကြပါသည်။ တကယ်တော့. . . ပေးလှူခြင်းကိစ္စမှာ များသည်နည်းသည်ထက် စိတ်ရင်းစေတနာက အရေးကြီးပါသည်။ အမှုတော်ဆောင်လုပ်ငန်း အားလုံးသည် သေးငယ်သောအလှူငွေပမာဏမှစတင်ကြရပါ၏။ ဆရာဦးသိန်းလွင်က မျက်မမြင်သာသနာလုပ်ငန်းကို လူ (၁၄)ဦး၏ မတည်ပေးလှူငွေ (၁၄)ကျပ်ဖြင့် စတင်ခဲ့သလိုပါပဲ၊ ညစဉ်ခွန်အားသည်လည်း များစွာသောယုံကြည်သူတို့၏ ပေးလှူမှုအစုစုဖြင့် သာသနာပြုနိုင်ခြင်း ဖြစ်ပါသည်။ ရှေးရှေးက. . . မုဆိုးမ၏ ဒေနာရိနှစ်ပြားကို သခင်ယေရှုသည် အထူးပြုကာချီးမွမ်းခဲ့ပါ၏။ ထိုပေးလှူမှုသည် အလွန်တန်ဖိုးကြီးကြောင်း သွန်သင်ခဲ့ပါသည်။

အနည်းငယ်မျှသာ စိုက်ပျိုးသော်လည်း များစွာသောအသီးကို ရိတ်သိမ်းရပါ၏။ ဒေါ်ကာသည် တမန်တော်ဝတ္ထုထဲမှ အမျိုးသမီးဇာတ်လိုက်တစ်ယောက်ဖြစ်ပါသည်။ သူမပေးလှူသောအရာသည် တကယ်တော့ အဝတ်ကလေးများကို ချုပ်၍ဆင်းရဲသူများကို ဝေငှခြင်းသာဖြစ်ပါ၏။ သူမသေဆုံးသောအခါ ဆင်းရဲသောသူများကရင်ဘတ်စည်တီးငိုကြီးချက်မ နှမြောတသကြပါ၏။ ဒေါ်ကာ. . . ဒေါ်ကာဟု မြည်တမ်းငိုကြွေးသဖြင့် တမန်တော်များ ဆုတောင်း၍ အသက်တဖန်ရှင်ပြန်ရသော သက်သေရှိခဲ့ပါသည်။ သေလွန်သော်လည်း တဖန်နိုး၍ ထ၍ နေထိုင်ရသောအခွင့်ကား ကြီးမားလှပါ၏။ သူမပေးလှူသောအရာနှင့် နှိုင်းစာလျှင် မြန်မာစကားပုံထဲကလို ညောင်စေ့ကလေးနှင့် ညောင်ပင်ကြီးလောက် မကွာခြားသောအရာကို ရခဲ့ပါ၏။

သေးငယ်လွန်းသောပမာဏဖြစ်သော်လည်း အားငယ်ရန် မလိုပါ။ ကိုယ်တော်ရှင်သည် လူသားများမမြင်နိုင်သော စိတ်နှလုံးကို သိကျွမ်းလျက် ကောင်းကြီးပေးပါသည်။ နေ့စဉ်နှင့် အမျှပြုသောအမှုတွင် သေးငယ်သည်ဖြစ်ပါစေ။ စိတ်နှလုံးစေတနာအားကြီးလျှင် ဧကန်အမှန်အကျိုးကြီးမည်ဖြစ်ကြောင်း ဆင်ခြင်ကြပါစို့။ မိမိရှိသောနေရာ၊ လုပ်သောအလုပ်တွင်လည်း အရာမရောက်ခရီးမပေါက်ဟု အထင်မရောက်ပါနှင့်။ ကိုယ်တော်စီမံခန့်ခွဲသောအလုပ်မှာ ကောင်းမွန်သောစိတ်နှလုံးနှင့် ပေးဆပ်လျှင် ကြီးစွာသောရလဒ်ကို ခံစားရမည်ဖြစ်ပါ၏။



**စက်တင်ဘာလ (၁၄) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

သူ၏ဘုန်းကိုလည်း ထင်ရှားစေမည်၊ ရှည်သောအသက်နှင့် သူကိုရောင့်ရဲစေ၍ ငါ၏ကယ်တင်ခြင်းကျေးဇူးကို သူ့အားပြမည်။ (ဆာလံကျမ်း၊ ၉၁း၁၆)

## "ရောင့်ရဲစေ၍ ..."

မလေးရှားနိုင်ငံမှ မိတ်ဆွေဖြစ်သော ဂျာလေလေသည် တစ်ခါက မြန်မာနိုင်ငံသို့ အလည်လာခဲ့ဖူးသော အကြောင်းကို ပြန်ပြောပြခဲ့ပါသည်။ မြန်မာပြည်မှာ လူများစွာသည် အေးအေးဆေးဆေးနိုင်သည့်အကြောင်း လက်ဖက်ရည်ဆိုင်များမှာ စကားစမြည်ပြောဆိုကြ၍ သက်တောင့်သက်သာနေရသောအကြောင်းကိုမြင်ရလျှင် အချိန်တော်တော်ပိုနေကြတာပဲဟု မနာလိုဖြစ်မိပါသတဲ့။ သူတို့ဆီမှာတော့ တိုးတက်ဖွံ့ဖြိုးသော လူနေမှုစနစ်တစ်ခုဆီသို့ အပြင်းအထန်ရုန်းကန်နေကြသောကြောင့် လူတိုင်း လူတိုင်းပင် အလုပ်များ၍ ကြိုးစားရကာ မအားနိုင်ကြပါ။ ၂၀၂၀ ခုနှစ်ကျရင် ခေတ်မီနိုင်ငံတော်ကြီးဖြစ်ရမည်ဟူသော Vision 2020 စီမံကိန်းဖြင့် တက်ကြွနေသောနိုင်ငံသားတို့မှာ မိတ်ဆွေသူငယ်ချင်းများနှင့် မိတ်သဟာယဖွဲ့ချိန် မရကြပါ။

မည်မျှဝေးကွာနေပါစေ။ တွေ့လိုက်သောတခဏမှာ. . . ဟိုင်း (hi) ဟုသာ နှုတ်ဆက်ကြပါ၏။ ပြီးတာနဲ့ အပိုဆာဒါးစကားမပြော။ အချိန်မရှိသဖြင့်. . . ဘိုင်း (bye) ဟုနှုတ်ဆက်ကာ ခွဲခွာသွားပါ၏။ နောက်တစ်ခါတော့ လူချင်းမတွေ့။ သတင်းကြားရလျှင် အံ့အားသင့်လျက်. . . အိုင်း (oh) ဟု ရေရွတ်မိ၏။ အကြောင်းကတော့ ဒိုင်း (die) သေပြီလေ။ ဂျာလေလေက. . . ငါတို့မိတ်သဟာယဖွဲ့မှုက လေးမျိုးပဲရှိတယ်။ ဟိုင်း၊ ဘိုင်း၊ အိုင်း၊ ဒိုင်း. . ဟုပြောပြ၍ ရယ်မောခဲ့ရင်း တွေးစရာကို ပေးခဲ့ပါသည်။ လူတွေဘာကြောင့် မအားမလပ်ဖြစ်နေကြရတာလဲ. . .။ လူတွေဘာကြောင့်. . . ဖိအားများနဲ့ အသက်ရှင်ရပါသတဲ့။ လူတွေဘာကြောင့် အတင်းအဓမ္မရုန်းကန်လျက် ရှိပါသတဲ့။ အင်တာနက်ခေတ်သို့ ရောက်လာသဖြင့် လူတွေပိုပြီး သက်တောင့်သက်သာနေရမည်ဟု အောက်မေ့သော်လည်း ပညာတတ်တစ်ဦးက အရင်တုံးက ဘဝဆိုတာနေဖို့နဲ့ အလုပ်လုပ်ဖို့ပဲရှိတယ်။ Life is to live and to work တဲ့။ အခု. . . တူဝက် to web (အင်တာနက်တွင်ပါဝင်ဆင်နွှဲဖို့) ပါဖြစ်ပါပြီ. . . ဟုပြောပါသည်။ ပိုပြီးတော့တောင် အလုပ်များလာပါ၏။

စင်စစ်. . . လူတိုင်း၏ကြီးထွားလာသော လောဘစိတ်ကို မတားဆီးနိုင်သော အဖြေဖြစ်ပါ၏။ သာလွန်သောတိုးတက်ခြင်းကို ဧဒင်ဥယျာဉ်မှ အစပြု၍ ဧဝသည် စတင်၍ ရှာဖွေခဲ့ပါသည်။ ထို့ကြောင့်လည်း ပင်ပန်းခြင်းကို ရင်းနှီးမြုပ်နှံရပါသည်။ သက်တောင့်သက်သာနေ၍ ရှည်သောအသက်နှင့် ရောင့်ရဲနေဖို့ ဘုရားသခင်အကြံအစည်ရှိခဲ့သော်လည်း ပို၍လိုချင်၍ ကြိုးစားကြသောအခါ အဘယ်အရာသည် သာ၍ အကျိုးရှိပါသည်။ အသက်တာသည် ခဏသာဖြစ်ပါ၏။ မိသားစုနှင့်မိတ်ဆွေနှင့် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့သောအချိန်ကာလကိုမူ နှုတ်ယူ၍ မိမိ၏လောကအတွက် ဖွဲ့ယူရန် မဟုတ်ပါ။ ဘုရားသခင်နှင့် ကွာလျှင် စင်စစ်အသီးမသီးနိုင်ဟု. . . ကျမ်းစာလာသည်ကို သတိပြုကြပါစို့။

**စက်တင်ဘာလ (၁၅) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ဥပမာကား. . . ကိုယ်တစ်ခု၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုအင်္ဂါအများသည် ဆောင်ရွက်စရာအမှုတစ်ခုတည်းမရှိသကဲ့သို့ ငါတို့သည် ခရစ်တော်၌ တစ်ကိုယ်တည်းဖြစ်၍. . . . . . (ရောမသြဝါဒစာ၊ ၁၂း၄)

## "အင်္ဂါအများ ...."

ဘုရားသခင်ပေးသောဆုကျေးဇူးသည် တစ်ယောက်နှင့်တစ်ယောက် မတူညီသကဲ့သို့ ဘုရားသခင်ပေးသောအားနည်းခြင်းကလည်း တစ်ယောက်နှင့်တစ်ယောက် မတူကြပါ။ မြေမှုန့်မှ အတူတကွဖန်ဆင်း၍ ဇီဝအသက်ကို ကိုယ်စီမှုတ်သွင်းခံရသော်လည်း ဘုရားသခင် ၏ အကြံအစည်သည် တစ်ဦးနှင့် တစ်ဦးအကြားခြားနားမှုများစွာရှိသည်ကို လက်ခံရပါလိမ့် မည်။ တစ်ခါက စကားထစ်သောလေထီးတပ်သားတစ်ယောက်ရှိပါသည်။ လေထီးကို ပထမ ခုန်ရမည့်ပနေ့တွက်. . . ဆရာက သင်ထားပါ၏။ လေယာဉ်ပေါ်ကခုန်ချပြီးရင် တစ်. . . နှစ်. . . သုံး. . . ကိုရွတ်ပါ။ နှစ်ဆယ်ရောက်တာနဲ့ ရင်ဘတ်ကကြိုးကို. . . ဆွဲလိုက်ရင် လေထီးပွင့်သွားမယ်။ သိပြီလား. . . ဟုပြောလျှင် အားလုံးက 'ဟုတ်'ဟုဖြေသတဲ့။ စကားထစ်သော်လည်းဟုတ်. . . ကတော့တစ်လုံးတည်းမို့ ရှောရှောရှူရှူထွက်သွားပါ၏။ ထို့နောက် လေယာဉ်သည် လေ့ကျင့်ကွင်းအပေါ်မှာ ဝဲနေလေ၏။ အချိန်ကျသည်နှင့် ဆရာက အမိန့်ပေးလျှင် တစ်ယောက်ပြီး တစ်ယောက် ခုန်ချပါသည်။ တစ်၊ နှစ်၊ သုံး. . . ရေတွက်၍ နှစ်ဆယ်ရောက်လျှင် ကြိုးစဆွဲ၍ လေထီးသည် ဒိုင်းကနဲပွင့်ကာ. . . သက်တောင့်သက်သာပင်မြေပေါ်သို့ရောက်လေ၏။

စကားထစ်သောရဲဘော်ခများတော့ ထိုသို့မဟုတ်ပါ။ တစ်၊ နှစ်၊ သုံးမှစ၍ လေးရောက်လျှင် စကားထစ်ပြီမို့ လေး. . . အေးအေး၊ င. . . င. . . ငါး. . . ၊. . . ချ. . . ယောက်၊ ခြောက်စသည်ဖြင့် ထစ်ထစ်နေရာ တော်တော်နှင့် နှစ်ဆယ်မရောက်။ အထူးသဖြင့် နံပါတ်စဉ်တစ်ဆယ်ကျော်လျှင် ပို၍ကြန့်ကြာပါ၏. . . တစ်. . . တစ်. . တစ်ဆယ်. . . ဆယ့်နှစ်. . . ဟုကြာကြာရှည်ရှည်ရွတ်ရာ. . . လေထီးခလုပ်ကိုဆွဲ၍မမှီ။ မြေကြီးပေါ်ဒါရိုက်ရောက်လေ၏။ ပြင်းထန်သောအရှိန်ကြောင့် ဒဏ်ရာကြီးကြီးရကာ သေလုမျောပါးဖြစ်နေ စဉ်တွင် ဆရာက. . . ၊ ဟေ့ရဲဘော်. . . မင်းနှစ်ဆယ်ပြည့်တာနဲ့ ခလုပ်ဆွဲလေကွာ။ အမိန့်မနာခံတဲ့ကောင်ပဲဟု အပြစ်တင်ပါ၏။ ရဲဘော်ကအသက်မထွက်ခင် ကြိုးစား၍. . တစ်. . တစ်. . ဆယ်. . ဆယ်. . ခြောက်ပဲရောက်သေးတယ်ဟု ကြိုးစား၍ ပြောသွားပါ၏။ ထိုအ ခါကျမှ သူရဲဘော်သည် စကားထစ်မှန်သိကာ၊ အားလုံးကို တစ်မျိုးတည်း သတ်မှတ်အမိန့်ပေးမှားယွင်းခဲ့သည်ကို ဆရာသည် ယူကြုံးမရ ဖြစ်ခဲ့ပါသတဲ့။

သူများတွေလုပ်နိုင်တာပဲ၊ ငါလည်းတတ်နိုင်ရမယ်။ သူများတွေမှ မလုပ်နိုင်တာ. . . ငါ လက်လျှော့ထားမှ. . . ဟုသတ်မှတ်၍ မရပါ။ အားနည်းခြင်းအားသာခြင်း အမျိုးမျိုးရှိသော မိသားစုနှင့် အိမ်ကလေးတစ်လုံးထဲမှာ ဘုရားသခင်၏ စီမံခန့်ခွဲမှုကို လူတိုင်းနားလည်မှုတစ်ခုဖြင့် နေထိုင်သက်ရှင်ကြရပါမည်။ ကျွန်တော်တို့အားလုံးသည် ခရစ်တော်၏ ကိုယ်အင်္ဂါ အသီးသီးဖြစ်ပါ၏။ အချို့က ဦးခေါင်းဖြစ်၍ အချို့ကခြေလက်ဖြစ်ရလျှင်လည်း သူ့နေရာနှင့်သူတော့အရေးပါပါသည်။



**စက်တင်ဘာလ (၁၆) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

လူထင်သည့်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း အဆုံး၌သေခြင်းသို့ ပို့သောလမ်းတစ်မျိုးရှိ၏။ (သုတ္တံကျမ်း၊ ၁၆း၂၅)

## "အားနေမှုး ..."

အလင်းအိမ်မီဒီယာမှ ဆရာကဲစာသည် ထူးခြားသောပါရမီရှိပါ၏။ သူတစ်ပါးကို နာမည်ပြောင်းပေးသောအခါ အလွန်တော်ပါ၏။ တစ်နေ့တွင် ဦးရွှေနလမ်းထိပ်မှ လက်ဖက်ရည်ဆိုင်ထဲမှာ ထိုင်ရင်း သူ့မိတ်ဆွေကို လက်ညှိုးထိုးပြလျက် သိပ်တော်တဲ့ကားသမားဗျ။ အားနေမူးဆိုတော့ ကရင်လူမျိုးလားဟု မေးလျှင်သူကရယ်လျက်၊ မဟုတ်ဘူးဗျ၊ အားနေရင်မူးမူးနေလို့ဟု ရှင်းပြပါသည်။ ကြံကြံဖန်ဖန် နာမည်ပေးတော်သူဖြစ်ပါ၏။ အားနေပူး. . . ဟု စွတ်ပြည့်ရင်းတစ်ခါက တွံတေးနယ်ဖက်မှာ 'ဂါလံအောင်ရွှေ'ဟု ခေါ်သော မိတ်ဆွေတစ်ယောက်ကို သတိရမိပါသည်။ စီးပွားရေးမှာ အကွက်မြင်၍ လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကပင်၊ ငါးကန်များတူး၍ ငါးကိုမွေးရင်းစွန့်ဦး တီထွင်လုပ်ငန်းရှင်ဖြစ်ခဲ့သူပါ။

ချောမောလှပသောကျောင်းဆရာမကလေး မေရီနှင့် အိမ်ထောင်ပြုခွင့်ရပါသည်။ သမီးကလေး'အိ'ကိုလည်း ရပြန်သောအခါသာတောင့်သာယာမိသားစုကလေးနှင့် စီးပွားရေးကောင်းကောင်းရှိရာ တကယ်ဆိုလျှင် ကျေးဇူးတော်ချီးမွမ်းစရာပါပဲ။ ဘုရားသခင်ကိုလည်း မယုံကြည်တာမဟုတ်ပါ။ ယုံကြည်ပါ၏။ သို့သော်. . . ဥပုသ်နေ့ရောက်ကာနီးလျှင် လုပ်ငန်းခွင်မှရန်ကုန်သို့ မပြန်နိုင်အောင် မိတ်ဆွေများက ဝိုင်းဝန်းဆွဲထားသဖြင့် မပြန်ဖြစ်တာများပါ၏။ အရက်အတူတူသောက်ကြပါ၏။ ရောဝတီတိုင်းသာက ဘယ်တော့မှ သူများနောက်မကျဘူးဟု မြှောက်ပေးသဖြင့် သူလည်းပိုပိုသာသာ သောက်ရင်း အစွဲကြီးစွဲကာ နောင်အခါများတွင် ဘယ်သွားသွားလှေ (ပဲထောင်) ဦးတွင် ငါးဂါလံပုန်းတစ်လုံးနှင့် အရက်ကို အပြည့်ထည့်၍ သွားလာလုပ်ကိုင်၊ သောက်သုံးခဲ့ပါ၏။ လှေရှိန်ပြင်းပြင်း၊ ရေဖွေးဖွေးနှင့် ငါးလုပ်ငန်းမှာ ဘုရင်တစ်ဆူဖြစ်သူသည် တစတစနှင့် 'ဂါလံအောင်ရွှေ'ဟူသော ဘွဲ့နာမကို ရလေ၏။ ယခုတော့. . . သူမရှိတော့ပါ။ နှစ်ပေါင်းများစွာ ဂါလံသရဖူဆောင်းခဲ့သူသည် လောကကို စောစောစီစီနှုတ်ဆက် ထွက်ခွာသွားခဲ့ပါပြီ. . . ။

ကားမောင်းရင်း မူးမူးနေသော အားနေမူးကိုကြည့်ရင်း သူ့ကားကို စီးတဲ့အခါ ဘယ်လိုနေသလဲဟု ဆရာကဲ စာကိုမေးလျှင်၊ ကောင်းတယ်ဗျ။ ဘုရားနဲ့ နီးတယ်. . . ဟုဖြေပါသည်။ မှန်ပါ၏။ သို့သော် ဤကဲ့သို့ တိုးဝင်ချဉ်းကပ်မှုက အလန့်တကြားနိုင်သဖြင့် ကိုယ်တော်၏ စိတ်တော်နှင့် ထိတွေ့မည်၊ မသိတော့ မသိပါ။ အောင်မလေး ဘုရားသခင်ဟု ယောင်ယမ်းအော်ဟစ်တာနှင့် တူလျှင်တော့ မကောင်းနိုင်ပါ။ မည်သို့ပင်ဖြစ်စေ. . . လှည့်စားတတ်သောစပျစ်ရည်အားဖြင့် အကျိုးနည်းခဲ့ရသောအမှုများစွာရှိခဲ့သည့်ကို သမ္မာကျမ်းစာက သွန်သင်ပါသည်။ မိသားစုနှင့် ကြာကြာရှည်ရှည် နေထိုင်ခွင့်ကို ဘုရားရှင်ပေးသော်လည်း ကိုယ့်ရွေးချယ်မှုကြောင့် အလျင်အမြန် ကွဲကွာမသွားစေရန် သတိပြုကြပါစို့။

**စက်တင်ဘာလ (၁၇) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

လေပြင်းကိုပျောက်စေတော်မူ၍ လှိုင်းတံပိုးများလည်း ငြိမ်ဝပ်ကြ၏။ အလိုရှိရာ သင်္ဘောဆိပ်သို့ ပို့ဆောင်တော်မူ၏။ (ဆာလံကျမ်း၊ ၁၀၇း၂၉-၃၀)

## "လှေကိုပဲ့တော်မူပါ ..."

ဘဝအသက်တာကို ပင်လယ်ခရီးနှင့် တင်စားလေ့ရှိကြပါ၏။ မုန်တိုင်းထန်သော ပင်လယ်ပြင်ကို ဖြတ်၍ ခရီးသွားရခြင်းသည် ခရစ်ယာန်တို့၏ အသက်တာကို ထင်ရှားစေသော ပုံပမာနှိုင်းခြင်း ဖြစ်ပါသည်။ ဤအကြောင်းကို အက်ဒွပ်ဟူးမားသည် သူ၏ကျော်ကြားသော "သံသရာလှေပဲ့တော်မူပါ. . . " သီချင်းအားဖြင့် ထင်ရှားစေပါသည်။ ငယ်စဉ်ကပင် အမေရိကန်ပြည် အရှေ့ဖက်ကမ်းရိုးတန်းမှာ ကြီးပြင်းလာခဲ့သော ဟူးမားသည် ပင်လယ်စရိုက်ကို ကောင်းစွာသိပါ၏။ သူသည်သင်္ဘောသားနှင့် တံငါသည်များကို သာသနာပြုသော အသင်းတော်၌ နှစ်ပေါင်းများစွာ အမှုတော်ဆောင်ခဲ့၏။ ထို့ကြောင့် ပင်လယ်နှင့် အသက်မွေးကြသူများကို စာနာခဲ့၊ ဂရုဏာသက်ရောက်ခဲ့၊ ခင်မင်တွယ်တာခဲ့ပါသည်။ လှို့ဝှက်သောပင်လယ်၊ ရိုင်းစိုင်းသောလှိုင်းတံပိုး၊ ရက်စက်သောမုန်တိုင်းတို့အကြောင်းကို အမြဲပင်ကြားနေခဲ့ရပါသတဲ့။ သူကိုယ်တိုင်လည်း တစ်ခါတရံပင်လယ်ပြင်သို့ ခရီးထွက်ကာ ပြင်းထန်သောလှိုင်းတံပိုးများကို ရင်ဆိုင်ခဲ့ဖူးပါ၏။

တစ်ခုသောဥပုသ်နေ့တွင် ဆရာကြီး ဟူးမားသည် ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၈း၂၃ကို ဖတ်ပြီး ဂါလိလဲပင်လယ်အတွင်း၌ လေပြင်းမုန်တိုင်းကို ငြိမ်သက်စေသော သခင်ယေရှု၏ နှုတ်ကပတ်တော်ကို စိတ်ပါလက်ပါဝေမျှခဲ့ပါသည်။ များမကြာမီတွင် နှိုးဆော်ခြင်းခံရကာ၊ တွေ့ကြုံခံစားခဲ့ရသော အကြောင်းကို ခံစား၍ သံသရာလှေပဲ့တော်မူပါ. . . ဓမ္မသီချင်းကို စပ်ဆိုခဲ့ပါ၏။

လမ်းဆုံးကမ်းနားနီးကျွန်ုပ်
ကြောက်ဖွယ်ရိုက်ခတ်သော လှိုင်းချုပ်
လှိုင်းလုံးကြီးမြင့်သောအခါ
ရင်တော်မှီလျက် ငြိမ်သက်စွာ၊ ငါရှိပြီ မစိုးရိမ့်နှင့်
မိန့်ကြားပါစေ. . . အရှင်။

ထိုသီချင်းကို ရေးစပ်ပြီး မကြာမီ၌ အက်ဒွပ်ဟူးမားသည် 'ကောင်းကင်ဘုံ'ဟူသော သီချင်းကိုရေးပြန်လေသည်။ စိတ်အားကြီးစွာရေးစပ်ပြီးနောက် နိဂုံးကမ္ပတ်အဆုံးသတ်ခြင်းနှင့်အတူ လက်မှခဲတံလွတ်ကျပြီး၊ ကိုယ်တိုင်လည်း စားပွဲပေါ်တွင် မှောက်ချလျက် ဘုန်းတော်ဝင်စားသွားပါ၏။ သူ၏အနုပညာနှင့် မွမ်းမံခဲ့သောဓမ္မသီချင်းသည် ကျွန်တော်တို့အတွက် ယနေ့တိုင်ခွန်အားယူစရာအဖြစ် လက်ဆောင်ချန်ရစ်ခဲ့ပါသည်။ ထိုသီချင်းများကို သီဆိုကြားနာရတိုင်း သခင်ယေရှု၏. . . "ငါရှိပြီ၊ မစိုးရိမ်နှင့်"ဟူသော ဂတိတော်ကို အောက့်မေ့လျက် သောကမုန်တိုင်းမှ လွတ်မြောက်ခွင့်ရှိသည်ကို သတိရစရာဖြစ်ပါ၏။



**စက်တင်ဘာလ (၁၈) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

တစ်ယောက်သောသူသည် တိုက်ကိုတည်မည်ဟုအကြံရှိလျှင်၊ ထိုတိုက်ပြီးအောင် ငွေလောက်မည်မလောက်မည်ကို သိခြင်းငှါ ရှေးဦးစွာထိုင်၍ ကုန်စရိတ်ကို မချင့်တွက်ပဲနေမည်လော။ (ရှင်လုကာခရစ်ဝင်ကျမ်း၊ ၁၄း၂၈)

## "အဆင်သင့် ..."

ဘီလီဂရေဟမ်သည် နှစ်ဆယ်ရာစုမှာ လူအများဆုံးကို တရားဟောသူဖြစ်ပါသည်. . မှတ်တမ်းဝင်ခဲ့ပါ၏။ Just As I am အမည်ရှိသူ၏ အတ္ထုပတ္တိစာအုပ်၌. . .

"ဘီလီဂရေဟမ်၏ တရားဟောပွဲများသည် လူပေါင်းသန်းနှစ်ဆယ်ကျော်၊ ဧဝံကလိတရားကို ကြားစေခဲ့ပြီ။ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ရုပ်ရှင်များအားဖြင့် ပို၍ များသောလူပေါင်းသန်းများစွာက ကြားနာခဲ့ရပါ၏။ တရုပ်ပြည်နှင့် မြောက်ကိုရီးယားကဲ့သို့သော တံခါးပိတ်ထားသောနိုင်ငံများကပင်လျှင် ဘီလီဂရေဟမ်ကို သိ၍ လက်ခံကြ၊ ကြိုဆိုကြပါသည်". ဟုရေးထားရာမည်မျှ တရားဟောနိုင်ခဲ့ကိုရပါ၏။ သူက. . . ကောင်းကင်ဘုံသို့ ကျွန်တော်ရောက်သောအခါ ပထမဦးဆုံးမေးမြန်းချင်တဲ့ မေးခွန်းတစ်ခုကတော့. . .

"ဘုရားသခင်၊ လူများစွာကို တရားဟောဖို့ ကယ်ရိုလိုင်းနားမြောက်ပိုင်းမှ တောသားကလေးကို အဘယ်ကြောင့်ရွေးချယ်ပါသနည်း"ဟု ပြောလေ့ရှိပြီ၊ ဘုရားသခင်၏ အမြင်၌. . . . အကြီးဆုံးသောစွမ်းရည်သည် 'အဆင့်သင့်ပြင်ထားခြင်း'ဖြစ်နိုင်ပါသည်ဟု ဆိုပါ၏။ အဆင်သင့်. . . ဟူသောစကားတစ်လုံးကို ဆင်ခြင်ကြည့်ကြရအောင်။ သခင်ယေရှု၏ ဥပမာတော် တစ်ခု၌. . . သတို့သမီးဆယ်ယောက်အကြောင်းကို ကြားနာခံယူကြရပါသည်။ မင်္ဂလာဆောင်ပွဲသဘင်သို့ ဝင်ရန်အတွက် စောင့်ဆိုင်းနေကြသော သတို့သမီးဆယ်ယောက်တွင်ငါးယောက်မူကား ဝိရိယမရှိ၊ တစ်နည်းအားဖြင့် အဆင်သင့်မရှိ။ ညအခါမင်္ဂလာဆောင်လုလင်လာ၍ ပွဲခံရာနေရာသို့ ဝင်သောအခါ ထ၍လိုက်ပါဖို့အတွက် သတို့သမီး ငါးဦး၌သာ ဆီရှိပါ၏။ ငါးဦး၌ကားဆီမရှိသဖြင့်မီးမထွန်းနိုင်ကြပါ။ ညအချိန်ရောက်မှ ဆီဝယ်ရန်မဖြစ်နိုင်။ ဆီကိုချေးငှါးရန်ကားသာ၍ ခဲယဉ်းလေ၏။ နောက်ဆုံး၌. . . မင်္ဂလာဆောင်ပွဲသဘင်သို့ ဝင်ရန် အခွင့်ကို ဆုံးရှုံးရလေ၏။ ကောင်းကင်နိုင်ငံသို့ ဝင်ရန်အဆင်သင့်မရှိလျှင် အခွင့်အရေးကို ဆုံးရှုံးရမည့် အကြောင်းဖြစ်ပါသည်။

စင်စစ်အားဖြင့် အဆင်သင့်ဖြစ်ဖို့ရန် အမှန်တကယ်ပင် အရေးကြီးပါ၏။ လောက၌ အောင်မြင်သောသူများတို့သည် အဆင်သင့်ဖြစ်နေသော အရည်အသွေးရှိပါ၏။ အဆင်သင့်သွားသည်ဟူသော အကြောင်းမှလည်း အဆင်သင့်ဖြစ်ရန် ပြင်ဆင်ထားသောကြောင့် ဖြစ်ပါ၏။ ကျောင်းသား၊ လူငယ်၊ အလုပ်သမား၊ ဝန်ထမ်းမှစ၍ သူဌေးသူကြွယ်မင်းစိုးရာဇာအထိ. . . မိမိနှင့်သက်ဆိုင်သော နယ်ပယ်မှာအဆင်သင့်ဖြစ်ဖို့ရန် ပြင်ဆင်ထားကြရပါသည်။ အဆင်သင့်ဖြစ်လေလေ. . . အသုံးဝင်လေလေဖြစ်သည်ကို ဆင်ခြင်၍ လောကီလောက၌ဖြစ်စေ ဝိဉာဏ၌ဖြစ်စေ အဆင်သင့်ဖြစ်ဖို့ရန် ကြိုးစားပြင်ဆင်ထားကြပါစို့။

**စက်တင်ဘာလ (၁၉) ရက်၊ ၂၀၀၆ ခုနှစ် (မုဒ္ဒဟူးနေ့)**

သာယာသောစကားတို့သည် ပျားလပို့ကဲ့သို့ဖြစ်၍ စိတ်ဝိညာဏ်၌ ချိုမြိန်လျက်၊ ကိုယ်အရိုးကို ကျန်းမာစေလျက်ရှိကြ၏။ (သုတ္တံကျမ်း၊ ၁၆း၂၄)

## "စကားပြောခြင်းအနုပညာ ..."

ခရစ်ယာန်ဘာသာရေးတွင် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းမှတစ်ပါး အချင်းချင်း သင့်တင့်စွာပေါင်းသင်းဆက်ဆံခြင်းသည် အရေးအကြီးဆုံးသော အနုပညာဖြစ်ပါသည်။ အခြားသူများနှင့် သင့်တင့်စွာနေထိုင်နိုင်လျှင် ယေဘူယျအားဖြင့် ဝမ်းသာပျော်ရွှင်ခြင်းရှိသည်။ မသင့်တင့်သည်နှင့်အမျှ စိတ်ဆင်းရဲရလေသည်။ ကမ္ဘာ့စံချိန်နှင့်ကြည့်ပြန်လျှင်လည်း အောင်မြင်သောသူသည် တင့်တယ်ပြေပြစ်စွာပေါင်းသင်းနိုင်သောသူဖြစ်၍ လောကရှုဒေါင့် ခရစ်ယာန်ရှုဒေါင့်၊ နှစ်ဌာနစလုံးမှကြည့်လျှင် မအောင်မြင်သောသူဖြစ်ရခြင်းမှာ အချင်းချင်း သင့်တင့်ကောင်းမွန်စွာ မပေါင်းသင်းတတ်သောကြောင့် ဖြစ်လေသည်။

ဆက်ဆံရေးညံ့လိုက်တာဟု သတ်မှတ်ခံရသောသူ သုံးမျိုး သုံးစားရှိပါသည်။ ပထမတစ်မျိုးမှာ သူတစ်ပါးအပေါ် အမြဲပင်အနိုင်ယူလိုသောသူဖြစ်၍ သူတစ်ပါးကအရေးပေး၍ အထင်ကြီးစေဖို့ စကားများများပြောသူဖြစ်ပါ၏။ ဒုတိယလူမျိုးမှာ သူများ၏နင်းဖတ်၊ တံခါးအောက်မှာ ဖျာကဲ့သို့ လူများဖြစ်၍ အားလုံးကပဲ သူကိုနိုင်နေသည်ဟု အောက်မေ့ကာ မည်သူကိုမှ ဂရုမပြု ဘဝကိုလက်မှိုင်ချနေသူ ခပ်ပေပေနေချင်သူဖြစ်လေ၏။ တတိယတစ်မျိုးကမူ စကားနှစ်မျိုးပြော၍ ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက်ကိုင်ထားကာ၊ ဒီတစ်ယောက်ကို တစ်မျိုး၊ ဟိုတစ်ယောက်ကိုတစ်ဖုံ စကားပြောတတ်ရာဘေးအန္တရယ်ကို မကြာခဏဖန်တီးတတ်လေ၏။ စင်စစ်သူတို့သည် သူတစ်ပါး၏အကျိုးကို ပြုစုသူများ မဟုတ်ပါ။ ထိုသို့သောသူများကို တွေ့ကြုံဆက်ဆံရသောအခါ မေတ္တာနှင့် ဆက်ဆံဖို့ရန် ရှိပါ၏။ တမန်တော်ကြီးရှင်ပေါလုက၊ ပေါင်းသင်းဆက်ဆံရေးတွင် ပြေလည်ဖို့ရန် သူတစ်ပါးသည် ကိုယ့်ထက်မြတ်သည်။ ကိုယ့်အကျိုးထက် တစ်ပါးအကျိုးကိုကြည့်ရန် မှန်သောအရာကို ပြောသော်လည်း မေတ္တာနှင့် ပြောရန် သွန်သင်ခဲ့ပါသည်။ လက်ထပ်ပြီးစ အိမ်ထောင်တစ်ခုတွင် အစအဦး၌ အလွန်သာယာပြေပြစ်သည်။ မကြာမီ၌ အခက်အခဲဝင်လာသောအခါ. . . အိမ်ထောင်ကွဲရန်ပင်ဖြစ်တတ်ပါ၏။ စားလယ်ဝင် ဖင်မမဲခင် ကွဲရမည့်အနေအထား၌ လက်ထပ်သောအချိန်၊ ပြုခဲ့သောပဋိညာဉ်ကို အောက်မေ့သတိရလျက် ဘုရားသခင်၏ လက်တော်သို့ခဲယဉ်းမှုပြဿနာများကို အပ်ကြပါ၏။ သူတို့၏ ကျွမ်းကျင်မှု၊ ဉစ္စာခနေနှင့် ဉာဏ်ပညာကို အားမကိုးပဲ ဘုရားသခင်၏ ကျေးဇူးတော်နှင့် တန်ခိုးတော်ကို လမ်းစပေးသောကြောင့် အိမ်ထောင်သည်တဖန် ပြန်လည်သာယာခဲ့လေ၏။ သုတ္တံဆရာ၏. . . သွန်သင်ချက်တစ်ခုမှာ. . . လျှောက်ပတ်သောစကားသည် ငွေအပြောက်မှာ စီချယ်ထားသော ရွှေရှောက်ချိုသီးနှင့်တူပါသတဲ့။ တန်ဖိုးကြီးသောစကားများဖြင့် ပြေပြစ်သောပေါင်းသင်းဆက်ဆံမှုများကို တည်ဆောက်ကြပါစို့။



**စက်တင်ဘာလ (၂၀) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

သွေးဆောင်ရာသို့လိုက်၍ သင်တို့တည်ကြည်ခြင်းမှမရွေ့လျော့မည့်အကြောင်း . . . ကိုယ့်ကိုကိုယ်စောင့်ရှောက်ကြလော့. . .။ (ရှင်ပေတရုဩဝါဒစာ၊ ဒုတိယစောင်၊ ၃း၁၇)

## "မရွေ့လျော့မည့်အကြောင်း ..."

သူများတတွေအဆင်ပြေနေကြသည်ကိုမြင်၍ ဒေါ်သွဲ့ဖောသည် သူ၏ တစ်ဦးတည်းသောသား၏ သန်မာသောကိုယ်ခန္ဓာကိုကြည့်ကာ စင်္ကာပူနိုင်ငံသို့ အလုပ်သွားလုပ်ရန် အကြံရလေသည်။ သားလိမ္မာကလေးကလည်း အမေက ကြံစည်ရုံရှိသေးစိတ်ဆန္ဒစောလျက် စင်္ကာပူသွားဖို့ရန် ကြိုးစားလေ၏။ အေဘီစီဒီကနည်းပါးပါးပဲတတ်သည်။ ကွန်ပျူတာတော့မတတ်။ တယ်လီဖုန်းလည်း ကောင်းကောင်းမဆက်တတ်သော်လည်း စွန့်စားချင်သည်။ မိဘကို လုပ်ကျွေးချင်သောကြောင့် အကျိုးဆောင်များကို လိုက်လံရှာဖွေပါ၏။ တွေ့ပါ၏။ ငွေဆယ်သိန်းလောက်ကုန်မည်ဟုဆိုရာ၊ တကယ်တော့စိတ်ပျက်ပြီ အောက်မေ့ပါ၏။ ဖွဲ့ရှိသောလူငယ်ကလေးသည် ငွေတစ်သိန်းခွဲကို မရမက ချေးငှားယူသွားပြီး၊ အကျိုးဆောင်ကို ချောမော့ပြောဆိုရာ အကျိုးဆောင်က သနားသဖြင့် လက်ခံလိုက်ပါ၏။ ထို့နောက်တွင် ကျွန်တော့်ထံလာကာ၊ ကုတ်အကျီများ၊ လည်စီးများ၊ ဘောင်းဘီများကို ငှားသွားပါ၏။

အတန်ကြာသည့်တိုင် သူ့ကို ရွှေပြည်သာမှာပဲ တွေ့နေရာ. . .၊ ဘယ်လိုလဲ၊ မသွားရသေးဘူးလား. . . ဟုမေးမိလျှင်၊ ဆရာရေ ဘယ်လိုလဲတော့မသိဘူး၊ ကြည့်ရတာငွေဆုံးမယ်ထင်တယ်။ ဆယ်သိန်းသမားတောင် မသွားရသေးဘူးဟု တိုးတိုးကလေးပြောပါ၏။ အရေးထဲကျွန်တော်ကလည်း ပြည်ပခရီးစဉ်တစ်ခုရှိနေတော့ အားနာနာနှင့်ပင် ငှားထားသောအဝတ်များကို ပြန်မေးကြည့်တော့၊ ခေါက်ရိုးပင်မပျက် ပြန်လာပေးပါ၏။ တကယ်သွားရင်၊ လာယူနော်။ အားမနာနဲ့. . . ဟု ပြောသော်လည်း သူက ရပါပြီ။ ကျေးဇူးပါပဲ. . . ဟုပြောပါသည်။ သူ့ကိုကြည့်ရင်း တစ်ခါတလေတော့လည်း ကိုယ့်ကိုယ်ကိုဂရုမပြု မစောင့်ရှောက်နိုင်သောအဖြစ်ကို ဆင်ခြင်မိပါသည်။ ကိုယ့်ဆန္ဒနှင့် ကိုယ်တောင်းပန်၍ ငွေသွားပေးမိတာဆိုတော့ တကယ့်ပြောရရင် ဘယ်သူမပြု မိမိမှုပါပဲ။

လောက၏ သွေးဆောင်ခြင်းအမျိုးမျိုးကြားမှာ နေထိုင်ရသောအခါ. . . သတိကြီးကြီးထားရပါမည်။ မြန်မာစကား၌ အစာကိုသာမြင်ပါ၏။ ငါးမျှားချိတ်ကို မမြင်သဖြင့် ကိုယ့်ကျိုးနည်းကြရပါ၏။ ရှင်ပေတရုက. . . မတရားသောသူတို့၏ ပရိယာယ်အားဖြင့် သင်တို့သည်လည်း သွေးဆောင်ရာသို့လိုက်၍ သင်တို့သည် တည်ကြည်ခြင်းမှ မရွေ့လျော့မည်အကြောင်း၊ ဤအရာများကို သိနှင့်ပြီးဖြစ်၍ ကိုယ့်ကိုယ်ကို စောင့်ရှောက်ကြလော့. . . ဟု သွန်သင်ခဲ့ပါသည်။ မည်သည့်အမှုကို ပြုမည်ဖြစ်စေ ကိုယ်ကိုမထိမခိုက်ဖို့ အထူးသဖြင့် မိမိ၏ခန္ဓာဝိညာဉ်ကို ထိပါးစရာသွေးဆောင်မှုများစွာကို သတိပြုဖို့အရင်ဆုံးဆင်ခြင်ရပါမည်။

**စက်တင်ဘာလ (၂၁) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ထာဝရဘုရားသည် မကောင်းသောအမှုအရာအလုံးစုံတို့ကို ကွယ်ကာ၍သင်၏ အသက်ကိုစောင့်တော်မူလိမ့်မည်။ (ဆာလံကျမ်း၊ ၁၂၁း၇)

## "သက်သာခြင်းအရှင် ..."

အသက်အန္တရာယ်နှင့်နီးသော အူယောင်ငန်းဖျားရောဂါကို သီရိခိုင်ခံစားနေရသည်ဟု သားငယ်က ပြန်ပြောပါသည်။ တစ်ပတ်မျှကြာလျှင် သက်သာလာပြီဟုသတင်းကြားရသော်လည်း နောက်တစ်ရက်မှာ သီရိခိုင်သည် မနေနိုင်ပဲ။ ပေါင်မုန့်နှစ်ချပ်သွားစားမိရာ ပြန်၍ အသည်းအသန်ဖြစ်ပြန်၏။ မိသားစုများလည်း ပြာယာခတ်သွားပါ၏။ မသက်သာဘူး၊ သက်သာတယ်. . . စသည်ဖြင့် သတင်းများကြားခဲ့ရာမှ ဆေးခန်းသို့လိုက်သွားသောအခါ နဂိုမှခပ်ပိန်ပိန်သမီးကလေးသည် အရိုးသက်သက်၊ မျက်တွင်းနက်နက်ဖြင့် ပြုံးနေပါ၏။ တော်တော်ခံနိုင်တဲ့သူပဲ။ ဒီလောက်ဖြစ်တာတောင် ပြုံးနိုင်ရုံမက၊ မျက်လုံးနက်နက်မှာ တောက်ပလျက်နေပါ၏။ သူ့အမေက. . . သက်သာလာလို့တော်သေးတယ်ဟု ပြောပါ၏။

သက်သာဖို့ရန် လူတိုင်းတောင့်တကြပါ၏။ အချို့သူများစွာသည် ကိုယ်ခန္ဓာနှင့် စိတ်နှလုံးသက်သာစေဖို့ ဆေးများသောက်သုံးနေကြရသဖြင့် ဆေးတို့ရောင်းကောင်းလှပါသည်။ စင်စစ်အသက်တာ၏ အခြေအမှန်ကို ရင်မဆိုင်ပဲ မှားသောသက်သာရာနည်းလမ်းလိုက်၍ မဖြစ်နိုင်ပါ။ မှန်သောသက်သာခြင်းမှာ ဝိညာဉ်တော်ဘုရား၏ အကြောင်းကို ယနေ့ညမှာ အနည်းငယ်စဉ်းစားကြပါစို့။

သက်သာခြင်း၏ အရှင်သည် သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ နာမတော်တစ်ပါးဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားသည် ကျွန်တော်တို့အနားသို့ ခွန်အားဖြင့်ပြည့်စေရန် ခေါ်ယူသောပုဂ္ဂိုလ်၊ မှန်ကန်တရားမျှတသောအမှုအရာအတွက်၊ ကျွန်ုပ်တို့ဖက်က လျှောက်လဲပြောဆိုသူဖြစ်သည်။ နှစ်သိမ့်စေသည်သာမက ဆက်လက်စောင့်ရှောက်သူဖြစ်သည်။ ခဲယဉ်းဆိုးယုတ်သောအခြေအနေကြားထဲ၌ ထွက်မြောက်အောင်မြင်ရမည်ဟူသော သက်သာခြင်း၏ အခြေခံသဘောဖြစ်ပါသည်။

သက်သာခြင်းကို သဘာဝမှ၌ရှာ၍မတွေ့ပါ။ သဘာဝ၌လှပခြင်း၊ စည်းကမ်းနှင့် အစီအစဉ်များရှိသော်လည်း အကန့်အသတ်မရှိသောရက်စက်မှုများလည်း ရှိပါသည်။ သန့်စင်မွန်မြတ်သော သူတော်ကောင်းကြီးများရှိသလို၊ ရက်စက်လွန်းသောသူများကြောင့် စစ်ပွဲများတွင် သွေးချောင်းစီးနေကြရပါ၏။ လူတို့လိုအပ်သော သက်သာခြင်းအစစ်မှာ လူတို့ထွက်ချက်စီမံ၍ မရပါ။ ဘုရားသခင်ကို ယုံကြည်သမျှသောသူတို့ကိုမူကား ဝိညာဉ်တော်ဘုရားသည် ပေးသနားမူမည်ဖြစ်ရုံမက အဗ္ဗအဖဟု ခေါ်ခွင့်ကိုရသောကြောင့် အရာခပ်သိမ်းသည် သာယာပြေပြစ်၍ အသက်တာ၌ ငြိမ်သက်ခြင်းအရှင်ကို ကျွမ်းဝင်နိုင်ပေလိမ့်မည်။ (ရောမ၊ ၈း၁၄-၁၅)



**စက်တင်ဘာလ (၂၂) ရက်၊ ၂၀၀၆ ခုနှစ် (စနေနေ့)**

အကြောင်းမူကား၊ ဘုရားသခင်တည်ထောင်ပြုစုတော်မူသော၊ ခိုင်ခံမြဲမြံသော မြို့ကို မျှော်လင့်သတည်း။ (ဟေဗြဲဩဝါဒစာ၊ ၁၀း၁၁)

## "ကြီးမားသောမျှော်လင့်ချက် . . ."

အိန္ဒိယနိုင်ငံကို သာသနာပြုခဲ့သောဆရာကြီးဝီလျံကယ်ရီ၏ အကြောင်းကို ပြောပြလိုပါ၏။ ဆင်းရဲသောမိသားစုမှ မွေးဖွားလာခဲ့သော လူငယ်ကလေးသည် အသက် (၁၆)နှစ်တွင် ဖိနပ်ချုပ်ကာ အသက်မွေးခဲ့ရပါ၏။ စိုက်ပျိုးရေးပညာရှင်ဖြစ်ချင်သော်လည်း ကျန်းမာရေးမကောင်း၍ မလုပ်နိုင်ပါ။ သို့သော်သမ္မာကျမ်းစာဖတ်ရန် စိတ်အားကြီး၍ လူပျိုအရွယ်၌ပင် ဘာသာစကား (၆)မျိုးဖြင့် ဖတ်နိုင်ပါသတဲ့။ အသက် (၁၉)နှစ်တွင် အိမ်ထောင်ပြုပါ၏။

အိန္ဒိယနိုင်ငံသို့ စွန့်စွန့်စားစား သာသနာပြုရန် ထွက်ခွာလာသောအခါ ဇနီးသည် စိတ်ဆန္ဒမပါပဲ လိုက်လာခဲ့ရပါ၏။ တကယ်လည်း အိန္ဒိယသို့ရောက်လျှင် မပျော်ရွှင်နိုင်ပဲ၊ ဆရာကယ်ရီကို အကူအညီမပေးနိုင်ရုံမက စိတ်ဆင်းရဲလျက် ဝေဒနာအများကိုသာ ခံစားရလေ၏။ ထိုအခြေအနေ၌. . . ဆရာကယ်ရီကို အင်္ဂလန်သို့ ပြန်လာရန် အကြိမ်ကြိမ်အဖန်ဖန်အကြံပေးကြသော်လည်း ဝီလျံကယ်ရီ မပြန်ခဲ့ပါ။ အရှေ့အိန္ဒိယကုမ္ပဏီ၏ စက်ရုံတစ်ခုတွင် ကယ်ရီသည် အလုပ်လုပ်ပြီး ညပိုင်းတွင် ကျမ်းစာဘာသာပြန်ခြင်းနှင့် တရားဟောခြင်းများကို ပြုလုပ်ခဲ့သည်။ အသက် (၈)နှစ် အရွယ်သားကလေးပီတာသည် မတော်တဆထိခိုက်သေဆုံးမှုကြောင့် ဇနီးသည် ဒေါ်ရသီ၏ စိတ်သည်အပြင်အထန်ထိခိုက်သွားက (၁၈၀၇)ခုနှစ်၌ ကွယ်လွန်ချိန်အထိ ကုသ၍ မရနိုင်တော့ပါ။ ဝီလျံကယ်ရီသည် ဒုက္ခဆင်းရဲအမျိုးမျိုးကို ကြုံတွေ့ရသော်လည်း စိတ်မပျက်၊ အားမလျော့အမှုတော်မြတ်၌ သစ္စာရှိခဲ့ပါသည်။ (၇)နှစ်တိုင်တိုင် ဘင်္ဂါလီလူမျိုးများအား ဧဝံဂေလိတရားကို ဟောကြားခဲ့သော်လည်း ပြောင်းလဲလာသူတစ်ယောက်မျှ မရှိခဲ့ပါ။

၁၈၁၂ ခုနှစ်တွင် သူ၏ပစ္စည်းသိုလှောင်ရုံ မီးလောင်သွားပါ၏။ စာတန်၏အပြင်ထန်ဆုံးတိုက်ခိုက်ထိုးနှက်မှုဖြစ်ပါသည်။ အလွန်တန်ဖိုးကြီးလှသော သဒ္ဒါစာအုပ် (၂)အုပ်၊ အလွန်အားကိုးရသည့်အဘိဓာန်စာအုပ်၊ ဘာသာပြန်ပြီး ကျမ်းစာ စာမူများအားလုံးပြာကျသွားပါသည်။ မည်သို့ပင် စိတ်ပျက်၍ လဲကျစရာကောင်းသော်လည်း ကယ်ရီသည် ဒူးထောက်ဆုတောင်း၊ ကျေးဇူးတော်ချီးမွမ်းပြီး ခွန်အားပေးသော ဘုရားသခင်ကို ကျေးဇူးတင်လျက် အလုပ်များအားလုံးကို ပြန်၍ အစပြုခဲ့ပါသည်။ နောက်ပိုင်းတွင် သူသည်ကာလကတ္တားမြို့ရှိ ပေါလ်ဝီလျံကောလိပ်၌ အရှေ့ပိုင်းဆိုင်ရာဘာသာရပ်၏ ပါမောက္ခဖြစ်လာသည်။ ဆဲရမ်ပူဒ်ရှိသော သူ၏ပုံနှိပ်တိုက်သည် သမ္မာကျမ်းစာများကို ဘာသာစကား (၄၀)ကျော်ဖြင့် ထုတ်ဝေကာသန်းပေါင်း (၃၀၀) မကသောလူတို့ကို ဖြန့်ချပေးခဲ့ပါ၏။ သူ၏ ကျော်ကြားသောဆောင်ပုဒ်မှာ. . .

"ဘုရားသခင်ထံမှ ကြီးမားသောအရာကို မျှော်လင့်ပါ။ ဘုရားသခင်အတွက် ကြီးမားသောအရာကို လုပ်ဆောင်ပါ။"

**စက်တင်ဘာလ (၂၃) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်၌ စင်ကြယ်စေကြလော့။ (ရှင်ယာကုပ်ဩဝါဒစာ၊ ၄း၈)

# "ကိုယ်တော်နှင့်နီးစေပါ ..."

ကိုယ်တော်နှင့်နီးစေပါ. . .၊ ကျွန်ုပ်ဘုရား. . .။ ကားတိုင်နှင့်မြောက်သော်လည်း ဤပဋ္ဌနာ. . . ဟူသည့် ဓမ္မသီချင်းကို ခရစ်ယာန်တို့ ကြေကွဲသောအချိန်များ၌ တပ်မက်ခုံမင်စွာ အားယူသီဆိုကြပါသည်။ ဓမ္မသီချင်း ကျွမ်းကျင်သူများက အမျိုးသမီးစာဆိုများ ရေးသည့် ဓမ္မသီချင်းများအနက်၊ အကောင်းဆုံးဂန္တဝင်သီချင်းဟု မှတ်ချက်ပြုပါသည်။ စာရာဖလားဝါး၏ လက်ရာဖြစ်၍ ဖခင်ဖြစ်သော တီ၊ ဖလားဝါး၏ အမွေကိုရသောသူဖြစ်ပါသည်။ ကမ္ဘာဦးကျမ်း၊ ၂၈း၁၁-၁၇ ကို အခြေပြု၍ စပ်ဆိုသောသီချင်းဖြစ်လေသည်။ ၁၈၄၃ ခုနှစ်တွင် မစ္စတာအာဒံနှင့် လက်ထပ်၍ သူတို့နှစ်ယောက်သည် ဓမ္မသီချင်းအများအပြားကို ရေးသားခဲ့ကြပါသည်။

စကားလုံးများလှပ၍ နဂိုသံစဉ်တွင် အံ့ဝင်ခွင်ကျဖြစ်အောင် ထည့်ဆိုဘာသာပြန်ခဲ့သူက ဆရာကြီး စတီဗင်ဖြစ်၍ (၁၈၆၅) ခုနှစ်၊ ဇူလိုင်လ၌ ရေးသားခဲ့ပါ၏။

ဤသီချင်းနှင့်ပတ်သက်၍ သက်သေခံချက်အများအပြားရှိခဲ့ပါ၏။ ခရစ်ယာန်မာတုရတစ်ယောက်ဖြစ်ခဲ့သော 'မက်ကင်း'သည် ဤသီချင်းဖြင့် ခွန်အားယူခဲ့ရသည်ဟု ဝန်ခံပါ၏။ နာမည်ကျော်တိုက်တန်းနစ်သင်္ဘောကြီးသည် ၁၉၁၂ ခုနှစ် ဧပြီလ (၁၄)ရက်၊ တနင်္ဂနွေနေ့က ကျောက်ဆောင်နှင့်တိုက်မိ၍ နှစ်မြုပ်သွားစဉ် တယောအဖွဲ့က ဤသီချင်းကို နောက်ဆုံးတီးမှုတ်သွားခဲ့ပါ၏။ အင်္ဂလန်၏ သတ္တမမြောက်၊ ဧဒွက်ဘုရင်၏ အနှစ်သက်ဆုံးဓမ္မသီချင်းဖြစ်ပါသည်။ အမေရိကန်သမ္မတ မက္ကင်းသည် သေနတ်ဖြင့် လုပ်ကြံခြင်းခံရ၍ သေအံ့မူးမူးတွင် ဤသီချင်းကို နားထောင်၍ ခွန်အားယူကာ နှစ်သိမ့်မှုရခဲ့ပါသည်။

ပစ္စိဖိတ်သမုဒ္ဒရာအလယ်က ကျွန်းကလေးပေါ်တွင် ကပ္ပလီအိုတစ်ယောက်၊ သေခါနီးတွင် ညည်း၍ ခွန်အားယူခဲ့ကာ ဂန္တဝင်ဇာတ်လမ်းဝတ္ထုရှိခဲ့ဖူးပါသည်။ ဒန်နယ်ဆင်စစ်ပွဲတွင် လက်တစ်ဖက်ပြတ်လျက် စစ်တလင်းတွင် ဝေဒနာခံစားရသော စစ်သည်တစ်ဦးကလည်း သေခါနီးတွင် အံ့ကြိတ်လျက်. . .

'အစဉ်လျှောက်ထားလိုပါ။ ကိုယ်တော်နှင့်နီးစေပါ. . .၊ ကျွန်ုပ်ဘုရား. . .'ဟုသီဆိုလျက် ဘဝကူးခဲ့လေသည်။ မက်သဒစ်ဂိုဏ်းအုပ်ဆရာကြီး မာတင်ကမူ. . ဤသို့ သက်သေခံခဲ့ပါသည်။ အမေရိကန်ပြည်တွင်းစစ်ကာလ၌ စစ်ဒဏ်ခံရသောတောရွာများ၌ စိတ်ပျက်စွာပုန်းရှောင်နေစဉ် တစ်နေ့သ၌တဲပျက်တစ်လုံးဆီသို့ ချဉ်းကပ်သွားမိလျှင် တဲအတွင်းမှ ဆင်းရဲလျက်ရှိသော မုဆိုးမတစ်ယောက်က ဤသီချင်းကို သီဆိုနေပါသတဲ့။ သူဝင်သွား၍ မိတ်သဟာယဖွဲ့ကာ ခွန်အားယူလျက် သီဆိုပြီးနောက်တွင် ညှိုးငယ်သောစိတ်ပျောက်လျက် အသစ်တဖန်သောခွန်အားဖြင့် ယုံကြည်ရွှင်လန်းစွာ ပြန်လာခဲ့ရသည်ဟု ဆိုပါ၏။

ညနက်တွင် အိပ်မက်မှာ ကိုယ်တော်နှင့် နီးစေပါ။ ကိုယ်တော်နှင့် နီးစေပါ။



**စက်တင်ဘာလ (၈) ရက်၊ ၂၀၀၆ ခုနှစ် (သောကြာနေ့)**

ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်၏။ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ ထာဝရဘုရားကို ကြောက်ရွံ့သော မိန်းမမူကား၊ ချီးမွမ်းခြင်းကိုခံရလိမ့်မည်။ (သုတ္တံကျမ်း၊ ၃၁း၃၀)

# "လှည့်စားခြင်းနှင့် ...."

ညစဉ်ခွန်အားစာစောင်ကို လာရောက်ကူညီနေသော 'စပိန်'အမည်ရှိသော မိန်းကလေးသည် တကယ်လည်း ပိန်၏။ အရပ်ရှည်၏။ မျက်နှာမျက်ဝန်းလည်း လှပါ၏။ ဆံပင်အရှည်ထား၍ တကယ်လည်း ဆံပင်သန်ကာ သူ့ကိုယ်ကို လှလှပပနေတတ်ပါသည်။ ညညဆိုလျှင် ရုပ်မြင်သံကြားမှ လာသောကြော်ငြာများကို ကြည့်သောအခါ ဆံပင်ရှည်ရှည်နှင့် စံပြမယ်များသည် ခဏခဏခေါင်းလျှော်ပြသည်။ လက်ဆောင်ဆုမဲများ ရရုံမက ပိုးသားကလေးလို နူးညံ့သောဆံပင်ကို ပိုင်ဆိုင်သွားရုံမက အချို့မှာ တီဗွီကြီးများ၊ အောက်စက်ကြီးများသာမက ငွေကို သိန်းချီ၍ရသွားသည်ကိုမြင်လျှင် ဆင်းရဲသူပင်ဖြစ်လင့်ကစား မိရိုးဖလာခေါင်းလျှော်ရည်ဖြစ်သော တရော်၊ ကင်ပွန်းနှင့် ထောလပတ်ရွက်ကို ပစ်လိုက်လေ၏။ မြန်မြန်ဆန်ဆန် အသုံးပြုနိုင်သော တံဆိပ်လှလှခေါင်းလျှော်ရည်ထုပ်များကို ဝယ်သုံးရာ၊ ယခုထိ ကံစမ်းမဲမပေါက်သေးပါ။ တစ်နေ့တွင်. . . ခေါင်းလျှော်ရည်မျက်လုံးထဲဝင်သွား၍ တော်တော်နှင့် ဆေးကြောပစ်၍မရ။ မျက်လုံးကြီးယောင်ယမ်းကာ နီရဲလေ၏။ ပထမတော့ ပေါ့ပေါ့ပါပဲ။ တော်တော်ကြာပျောက်သွားမည်ဟု အောက်မေ့သော်လည်း. . . ရက်ပေါင်းကြာသော်လည်း မသက်သာသဖြင့် အလုပ်မလုပ်နိုင်ပဲ မျက်လုံးနီနီမို့မို့ဖြစ်လာ၍ ဆေးရုံ၊ ဆေးခန်းသို့ လိုက်လံ ပြသရပါသည်။

မျက်ကြည်လွှာယောင်သွားတာ။ ပေါက်ပြဲမသွား၍ တော်သေးသည်။ သို့သော်လည်း အတော်ကလေးကုသလိုက်ရသဖြင့် လူလည်းပင်ပန်း၊ ငွေလည်းမရှိတဲ့အထဲ ကုန်ကျရပါ၏။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် ဝေဒနာကို တစ်ပတ်မျှ ခံစားရရာ ပိန်သောစပိန်မှာ လိန်လိန်ကလေး ကိုယ်ခန္ဓာနှင့် စလိန်ဖြစ်သွားလေ၏။ ခေါင်းလျှော်ရည်တံဆိပ်လှလှကလေးဆို အသေလန့်သွားပါသည်။

သုတ္တံဆရာက. . . မိန်းကလေးတစ်ယောက်ချီးမွမ်းခံရဖို့မှာ ထာဝရဘုရားကို ကြောက်ရွံ့ရန်အဓိကဖြစ်လေ၏။ အဓိပ္ပါယ်မှာ အကျင့်သီလကောင်းမွန်ရန် ပထမဖြစ်ပါသည်။ သီလနှင့် ပြည့်စုံသောမိန်းကလေးသည် ပတ္တမြားထက်အဖိုးသာ၍ ထိုက်ပေသည်. . . ဟုကျမ်းစာလာပါသည်။ ယခုကာလ၌မူ လှစေချင်၍သွားကြောင်တိုက်၊ ရေစီကမ်းပြိုလိုက်သူ အများရှိပါသည်။ ဤအကြောင်းကို ဆင်ခြင်၍ ကိုယ်ခန္ဓာအလှအပအားဖြင့်သာ စွန့်စားမှု အမျိုးမျိုးကို မပြုလုပ်ဖို့ရန် သိမှတ်ရပါမည်။ ယဉ်ကျေးသောအရာသည် လှည့်စားခြင်းနှင့် ယှဉ်တတ်ပါသည်။ လှပသောအရာသည်လည်း အချည်းနှီးဖြစ်သောကြောင့် သမီးငယ်၊ သားငယ်များသည် အဆင်းအလှထက် အချင်းအရသာကို ရှာဖွေတန်ဖိုးထားရန် ဖြစ်ပါ၏။ သူတစ်ပါးက. . . လှည့်ဖျားဆွဲဆောင်သည့်တိုင်၊ ဝေဖန်နိုင်သောသဘောနှင့် သုတ္တံစကားအတိုင်း အသက်ရှင်နေနိုင်ဖို့ ကြိုးစားကြပါစို့။

**စက်တင်ဘာလ (၂၃) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

ဘုရားသခင်၌ ချဉ်းကပ်ကြလော့။ သို့ပြုလျှင် သင်တို့၌ ချဉ်းကပ်တော်မူလိမ့်မည်။ အပြစ်ရှိသောသူတို့၊ သင်တို့လက်၌ စင်ကြယ်စေကြလော့။ (ရှင်ယာကုပ်ဩဝါဒစာ၊ ၄း၈)

## "ကိုယ်တော်နှင့်နီးစေပါ ..."

ကိုယ်တော်နှင့်နီးစေပါ. . .၊ ကျွန်ုပ်ဘုရား. . .။ ကားတိုင်နှင့်မြောက်သော်လည်း ဤပဋ္ဌနာ. . . ဟူသည့် ဓမ္မသီချင်းကို ခရစ်ယာန်တို့ ကြေကွဲသောအချိန်များ၌ တပ်မက်ခုံမင်စွာ အားယူသီဆိုကြပါသည်။ ဓမ္မသီချင်း ကျွမ်းကျင်သူများက အမျိုးသမီးစာဆိုများ ရေးသည့် ဓမ္မသီချင်းများအနက်၊ အကောင်းဆုံးဂန္တဝင်သီချင်းဟု မှတ်ချက်ပြုပါသည်။ စာရာဖလားဝါး၏ လက်ရာဖြစ်၍ ဖခင်ဖြစ်သော တီ၊ ဖလားဝါး၏ အမွေကိုရသောသူဖြစ်ပါသည်။ ကမ္ဘာဦးကျမ်း၊ ၂၈း၁၁-၁၇ ကို အခြေပြု၍ စပ်ဆိုသောသီချင်းဖြစ်လေသည်။ ၁၈၄၃ ခုနှစ်တွင် မစ္စတာအာဒံနှင့် လက်ထပ်၍ သူတို့နှစ်ယောက်သည် ဓမ္မသီချင်းအများအပြားကို ရေးသားခဲ့ကြပါသည်။

စကားလုံးများလှပ၍ နဂိုသံစဉ်တွင် အံဝင်ခွင်ကျဖြစ်အောင် ထည့်ဆိုဘာသာပြန်ခဲ့သူက ဆရာကြီး စတီဗင်ဖြစ်၍ (၁၈၆၅) ခုနှစ်၊ ဇူလိုင်လ၌ ရေးသားခဲ့ပါ၏။

ဤသီချင်းနှင့်ပတ်သက်၍ သက်သေခံချက်အများအပြားရှိခဲ့ပါ၏။ ခရစ်ယာန်မာတုရ တစ်ယောက်ဖြစ်ခဲ့သော 'မက်ကင်း'သည် ဤသီချင်းဖြင့် ခွန်အားယူခဲ့ရသည်ဟု ဝန်ခံပါ၏။ နာမည်ကျော်တိုက်တန်းနစ်သင်္ဘောကြီးသည် ၁၉၁၂ ခုနှစ် ဧပြီလ (၁၄)ရက်၊ တနင်္ဂနွေနေ့က ကျောက်ဆောင်နှင့်တိုက်မိ၍ နစ်မြုပ်သွားစဉ် တယောအဖွဲ့က ဤသီချင်းကို နောက်ဆုံးတီးမှုတ်သွားခဲ့ပါ၏။ အင်္ဂလန်၏ သတ္တမမြောက်၊ ဧဒွက်ဘုရင်၏ အနှစ်သက်ဆုံးဓမ္မသီချင်းဖြစ်ပါသည်။ အမေရိကန်သမ္မတ မက်ကင်းသည် သေနတ်ဖြင့် လုပ်ကြံခြင်းခံရ၍ သေအံ့မူးမူးတွင် ဤသီချင်းကို နားထောင်၍ ခွန်အားယူကာ နှစ်သိမ့်မှုရခဲ့ပါသည်။

ပစ္စိဖိတ်သမုဒ္ဒရာအလယ်က ကျွန်းကလေးပေါ်တွင် ကပ္ပလီအိုတစ်ယောက်၊ သေခါနီးတွင် ညည်း၍ ခွန်အားယူခဲ့ကာ ဂန္တဝင်ဇာတ်လမ်းဝတ္ထုရှိခဲ့ဖူးပါသည်။ ဒန်နယ်ဆင်စစ်ပွဲတွင် လက်တစ်ဖက်ပြတ်လျက် စစ်တလင်းတွင် ဝေဒနာခံစားရသော စစ်သည်တစ်ဦးကလည်း သေခါနီးတွင် အံ့ကြိတ်လျက်. . .

'အစဉ်လျှောက်ထားလိုပါ။ ကိုယ်တော်နှင့်နီးစေပါ. . .၊ ကျွန်ုပ်ဘုရား. . .'ဟုသီဆိုလျက် ဘဝကူးခဲ့လေသည်။ မက်သဒစ်ဂိုဏ်းအုပ်ဆရာကြီး မာတင်ကမူ. . ဤသို့ သက်သေခံခဲ့ပါသည်။ အမေရိကန်ပြည်တွင်းစစ်ကာလ၌ စစ်ဒဏ်ခံရသောတောရွာများ၌ စိတ်ပျက်စွာပုန်းရှောင်နေစဉ် တစ်နေ့သ၌တဲပျက်တစ်လုံးဆီသို့ ချဉ်းကပ်သွားမိလျှင် တဲအတွင်းမှ ဆင်းရဲလျက်ရှိသော မုဆိုးမတစ်ယောက်က ဤသီချင်းကို သီဆိုနေပါသတဲ့။ သူဝင်သွား၍ မိတ်သဟာယဖွဲ့ကာ ခွန်အားယူလျက် သီဆိုပြီးနောက်တွင် ညှိုးငယ်သောစိတ်ပျောက်လျက် အသစ်တဖန်သောခွန်အားဖြင့် ယုံကြည်ရှင်လန်းစွာ ပြန်လာခဲ့ရသည်ဟု ဆိုပါ၏။

ညနက်တွင် အိပ်မက်မှာ ကိုယ်တော်နှင့် နီးစေပါ။ ကိုယ်တော်နှင့် နီးစေပါ။



**စက်တင်ဘာလ (၂၄)ရက်၊ ၂၀၀၆ ခုနှစ် (တနင်္ဂနွေနေ့)**

စိတ်တညီတညွတ်တည်းဖြစ်၍ အချင်းချင်းအသင့်အတင့် နေကြလော့။ သို့ဖြစ်၍ အသင့်အတင့်နေခြင်း ချမ်းသာကို ပေးတော်မူသော ဘုရားသခင်သည် သင်တို့နှင့်အတူ ရှိတော်မူလတ္တံ့။ (၂ ကော၊ ၁၃း၁၁)

## "တပည့်တော်ချစ်ခြင်းကျိုး ..."

ဂွန်ဖော့ဆက်အမည်ရှိ ရှောက်ရှားရွာမှ သင်းအုပ်ဆရာတစ်ပါးသည် အသက် (၂၆)နှစ်မှစ၍ အမှုတော်ဆောင်လေသည်။ သူသင်းအုပ်လုပ်သော အသင်းတော်တွင် ဆင်းရဲသောသူများသာ ပါဝင်ဖွဲ့စည်းထားသဖြင့် ဆရာကိုလစာကောင်းကောင်း မပေးနိုင်ပါ။ ပေါင်(၅၀)ခန့်သော လစာနှင့် ကြိုးစားအမှုထမ်းရာ အသင်းဝင်သူများစွာ၏ ချစ်ခင်မှုကို ရခဲ့ပေသည်။ တစ်နေ့တွင် လန်ဒန်မြို့တော်မှ ဒေါက်တာဂီးလီး၏ နေရာအတွက် ရွေးချယ်ခန့်အပ်ခြင်းခံရရာ ဂွန်ဖောဆက်သည် ပြောင်းရွှေ့ရန် စီမံလေ၏။

ဆင်းရဲသော အသက်တာမှ ကြီးကျယ်မြင့်မြတ်သော ဘဝသို့ ပြောင်းလဲရန် လမ်းစဖြစ်ပါသည်။ တစ်သက်လုံး ချို့တဲ့ခဲ့သော ဆရာအတွက် အောင်မြင်ရေးလမ်းစပွင့်ခဲ့ပါပြီ။ ကြေကွဲသောစိတ်နှလုံးနှင့် ဆရာ့ပစ္စည်းများကို ဝိုင်းဝန်းသိမ်းဆည်းပေးကြလေသည်။ ဆရာ့ကို နှုတ်ဆက်သူများစွာ၏ မျက်ရည်နှင့် ကြေကွဲမှုတို့ကို ဆရာကတော်သည် မခံစားနိုင်တော့။ မကြည့်ရက်နိုင်တော့။ အသင်းသားများ၏ ဖက်ရမ်းနှုတ်ဆက်မှုကြားမှာ မျက်ရည်တသွင်သွင်စီးကာ ခင်ပွန်းသည်အား. . .

"ဂွန်. . .၊ ကျွန်မဖြင့် မခံစားနိုင်တော့ပါ။ ဒီခရီးကိုလည်း မသွားလိုတော့ပါ။ ကျွန်မတို့ တစ်သက်လုံးမျှော်မှန်းခဲ့တဲ့ ကြွယ်ဝမှုကို အသင်းသားတွေရဲ့ မျက်ရည်နဲ့မလဲလှယ်နိုင်တော့ဘူး၊ ဂွန် . . ."ဟု ပြောလျှင် ဆရာက မျက်ရည်များကို အနိုင်နိုင်ထိန်းရင်း. . .

"တကယ်လို့ လန်ဒန်မြို့တော်ကို ငါမသွားတော့ဘူးလို့ ဆုံးဖြတ်ရင်း နောင်အခါမှ မင်းက ငါ့ကို အပြစ်တင်ဦးမှာလား . . ."ဟု မေးပါ၏။ ဆရာကတော်သည် ခေါင်းကို အသေအချာခါရမ်းပြီးမှ အလွန်ခွန်အားရှိသော စကားတစ်ခွန်းကို ပြောခဲ့ပါသည်။

"ကျွန်မဟာ သင်းအုပ်ဆရာကတော်စစ်စစ်သာဖြစ်လိုပါတယ်. . . ဂွန်"

ဆရာတို့ဇနီးမောင်နှံသည် ကြေကွဲနေသော သိုးစု၏ မျက်ရည်ကို လျစ်လျူမရှု၊ ဥပေက္ခာမပြု၊ မြို့ကြီးမှ ဩဇာအာဏာပြည့်ဝသော အလုပ်ကို မျက်နှာလွှဲလျက်၊ မျက်နှာမွဲသင်းအုပ်အလုပ်ဖြင့် အရိုးထုတ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ရှောက်ရှားရွာ သင်းအုပ်ဆရာသည် ရက်အနည်းငယ်အတွင်းမှာပင် တပည့်တော်ချစ်ခြင်းကျိုး (Best be the tie that birds) ကို ရေးသားစပ်ဆိုခဲ့ရာ ယနေ့တိုင် ယုံကြည်သူများအကြားမှာ အသုံးခံနေဆဲ၊ တရားဟောနေဆဲဖြစ်ပါ၏။ ဤသတင်း၊ ဤသီချင်အားဖြင့် ဘရောင်းသိပ္ပံကျောင်းတော်က ဆရာကို 'ဓမ္မပါရဂူဘွဲ့ထူး' ပေးအပ်ဂုဏ်ပြုအပ်နှင်းခဲ့ပါသည်။

တပည့်တော်ချစ်ခြင်းသည်၊ ညီအစ်ကိုချင်း၌တည်။
ဝိညာဉ်သဘောညီညွတ်အစဉ်၊ ထက်ဘုံ၌ကဲ့သို့တည်း။

**စက်တင်ဘာလ (၂၅) ရက်၊ ၂၀၀၆ ခုနှစ် (တနင်္လာနေ့)**

သင်တို့သည် သူတစ်ပါးတို့၏ အပြစ်ကိုလွှတ်လျှင် ကောင်းကင်ဘုံ၌ ရှိသော သင်တို့၏ အဘသည် သင်တို့၏အပြစ်ကို လွှတ်တော်မူမည်။ (ရှင်မာသဲခရစ်ဝင်ကျမ်း၊ ၆း၁၄)

## “အပြစ်ကိုလွှတ်လျှင် ..”

နာမည်ကျော်ပန်းချီဆရာ လီယိုနာဒိုဒါဗင်ချီနှင့် သက်ဆိုင်သောပုံပြင်ကလေးတစ်ပုဒ်ကို ကြားဖူးပါသည်။ သူသည် ခရစ်တော်၏ နောက်ဆုံးညစာစားပွဲ ပန်းချီကားချပ်ကြီးကို မဆွဲမီ၊ သူနှင့် ပြိုင်ဖက်ပန်းချီဆရာတစ်ဦးနှင့် ကတောက်ကဆဖြစ်ကာ မကျေမနပ်ဖြစ်နေပါတဲ့။ ထို့ကြောင့် စိတ်နာနာနှင့် သူ့ပြိုင်ဖက်ပန်းချီဆရာ၏ မျက်နှာကို ယုဒရှကာရုဒ်၏ မျက်နှာနေရာ၌ ရေးဆွဲလိုက်ပြီး မကျေနပ်မှုကို ပေါက်ကွဲပြခဲ့ပါသည်။ တကယ်လို့. . . ပန်းချီကားကြီးပြီးသွားရင် လာကြည့်တဲ့သူတွေက. . . ယုဒရှကာရုဒ်ဆိုတာဒီမျက်နှာမျိုးပဲဟု ခံစားသွားကြမှာ၊ မြင်သွားကြမှာကို တွေးကြည့်ရင်း သူအလွန်အားရနေခဲ့ပါသတဲ့။

ယုဒရှကာရုဒ်၏ မျက်နှာကို ရေးဆွဲပြီးလျှင်. . . သခင်ယေရှု၏ မျက်နှာစတ်ရေးဆွဲပါ၏။ သို့သော်လည်း ပါရမီရှင်လီယိုနာဒိုသည် ဘာကြောင့်မှန်းမသိပဲ. . . ရေးဆွဲ၍မရဖြစ်နေပါ၏။ အကြိမ်ကြိမ် အထပ်ထပ်ကြိုးစားသော်လည်း တိုးတက်မှုလုံးဝမရှိ၊ မပီပြင်၊ မကောင်းပဲဖြစ်နေရာ သူ့ကိုယ်ကိုပင် အံ့သြနေခဲ့ပါ၏။ သူကြိုးစားသမျှကို တစ်စုံတရာက ဟန့်တားနေသလို၊ ဘယ်လိုမှရေးဆွဲ၍ မအောင်မြင်ပဲဖြစ်နေရာ. . . နောက်ဆုံးတွင် ပန်းချီကားတစ်နေရာ၌ရှိနေသော ယုဒရှကာရုဒ် (သူ၏ပြိုင်ဖက်) မျက်နှာကြောင့် စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်နေမှန်းသိလာခဲ့ပါ၏။ သူတွေ့ကြုံနေရသော နှေးကွေးနှောင့်နှေးမှု၊ စိတ်မချမ်းမသာဖြစ်မှု အစုစုသည် အမျက်မပြေနိုင်၊ ရန်ညှိုးထား၍ မုန်းတီးနေသောကြောင့်ဟုနားလည်လာကာ. . . ယုဒရှကာရုဒ်၏ မျက်နှာကို ဖျက်ပြစ်လိုက်ပါ၏။ ထို့နောက်တွင် သခင်ယေရှု၏ ပုံတော်ကို ဆက်လက်ရေးဆွဲရာ၊ လွန်ခဲ့သောနှစ်ပေါင်းများစွာမှစ၍. . . ယနေ့တိုင်မြင်ရသော သူတိုင်း၏စိတ်နှလုံးကို ထိတွေ့စေသောဂန္တဝင်ပန်းချီကားတစ်ချပ်ဖြစ်ပေါ်လာခဲ့ပါသည်။ ဤပန်းချီကားပုံထဲမှာ. . . သခင်ယေရှုသည် တပည့်တော် ဆယ်နှစ်ဖော်နှင့်အတူတကွ ညစာစားပွဲတွင် လျှောင်းလျက်ကရာနီးလမ်းကို စတင်လိုက်သောဖြစ်စဉ်မှာ အနုပညာအရည်အသွေးမြင့်မားလျက် ဝိညာဉ်ရေးမှာလည်း တန်ဖိုးကြီးလှသည်ကို ခေတ်အဆက်ဆက် ဝန်ခံကြရလေ၏။

ဤပုံပြင်ကလေးသည် ကျွန်တော်တို့၏ နေ့စဉ်အသက်တာမှာ ရင်ဆိုင်နေရသော အမှုတစ်ခုကို ဖြေရှင်းရန် နည်းလမ်းဖြစ်ပါသည်။ မုန်းတီးခြင်း၊ အညှိုးအတေးနှင့် ချည်နှောင်ခြင်းသည် အကျိုးမရှိပါ။ တစ်ပါးသူကိုသာမက မိမိကိုယ်ကိုလည်း ချုပ်နှောင်သဖြင့် အောင်မြင်သောအသက်တာများအတွက် အဟန့်အတားဖြစ်ပါသည်။ အဝင်တစ်ထောင့်တစ်နေရာ၌ ခွင့်မလွှတ်နိုင်သောမျက်နှာတစ်ခုရှိလျှင် ယခုပင် အပြစ်လွှတ်ကြပါစို့။ သခင်ယေရှု၏ သွေးတော်ဖြင့် ရွေးခြင်းခံရလျက် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို အမှန်တကယ်မျှော်လင့်လျှင်. . . တစ်ပါးသူ၏အပြစ်ကိုလည်း ဦးစွာပထမလွှတ်ရန် လိုအပ်ပါသည်။



**စက်တင်ဘာလ (၂၆) ရက်၊ ၂၀၀၆ ခုနှစ် (အင်္ဂါနေ့)**

ဆင်းရဲသားကို သနားသောသူသည် ထာဝရဘုရားသခင်အား ချေးငှားသောသူဖြစ်၍ သူပြုသောအမှု၏ အကျိုးကို ဆပ်ပေးတော်မူလိမ့်မည်။ (သုတ္တံကျမ်း၊ ၁၉း၁၇)

## “ဘုရားသခင်အားချေးငှားသောသူ ...”

ကျွန်တော်၏ ခမည်းခမက်ဖြစ်သော ဦးမောင်မြင့်သည် အိမ်ကြွေကြီး၍ သီးသီးသန့်သန့်နေ သောစတိုင်လ်ရှိပါသည်။ သူတစ်ပါး၏အမှုမှာ မစပ်စုတတ်ပဲ၊ သူ့ဇနီးမှတပါး အခြားသူများကို ပြုံးပြတာ တစ်ခါမျှမတွေ့ဖူးသောကြောင့် သူ့နှလုံးသားသည် တော်တော်မာမှာပဲဟု အောက်မေ့မိပါ၏။ တစ်နေ့တွင်မူ. . . သူအလုပ်လုပ်သောကုမ္ပဏီမှ ဝန်ထမ်းငယ်တစ်ဦး၏ သမီးကလေးသည် အလွန်အားနည်းကာ ဆေးရုံတက်ရသတဲ့။ အဝတ်အစားချို့တဲ့လွန်းသော ထိုမိန်းကလေးသည် အပျိုဖော်ဝင်ကာစအရွယ်ဖြစ်ပါ၏။ ဆေးရုံ၌ လဲလှယ်စရာ လုံချည်မျှပင် မလောက်ရာ အလွန်ခက်ခဲ၍ အရှက်သည်းဆရာဖြစ်ပါ၏။ ရှိရင်းတစ်ထည် နှစ်ထည်သည် ဟောင်းနွမ်းလျက် မလုံလောက်သဖြင့်. . . စောင်စုတ်စုတ်ကလေးနှင့် လွှမ်း ခြုံပေးရသည်ကိုမြင်လျှင်. . . ဦးမောင်မြင့်သည် စိတ်နှလုံးထိခိုက်ကာ လုံချည်ဟောင်းရှိ လှူင်ပေးကြပါ. . . ဟု လိုက်လံတောင်းလေသည်။ ကျွန်တော့် ဇနီးက ထိုအကြောင်းကို ကြား၍ အိမ်သို့ ပြန်ပြောပါသည်။

ပြီးတော့. . . ဘုရားရှင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါ၏။ တေးရေးဆရာဒီမျိုးလှိုင်၏ သီချင်းဖြစ်သောအရာရာတိုင်းမှာ ကျေးဇူးတော်ကို ချီးမွမ်းပါ သီချင်းကို သတိရမိ၏။ မစားသူတွေ မဝတ်နိုင်သူပေါ်များတဲ့အထဲမှာ သင်စားရတာရော၊ ဝတ်ရတာရော ကျေးဇူးတင်သလား။ ကျေးဇူးတင်စရာဖြစ်ပါ၏။ သားနှင့် သမီးကို ဆုံးမပါ၏။ သားနှင့် သမီးက နားထောင်ပါသည်။ သို့သော်. . . လုံချည်ကိုဝေမျှဖို့အထိ သတိမရသေးပါ။ အိမ်မှာ သမီးကလည်း ကျောင်းစိမ်းပဲလုံချည်ရှိသည်။ ကျန်တာက. . . စကပ်တွေ၊ ဘောင်းဘီတွေဖြစ်နေ၏။ မိခင်ကလည်း ကျောင်းစိမ်းပဲများသည်။ ကျန်တာက. . . သူမအသေလဲနှစ်သက်သောပါတိတ်တွေပဲဖြစ်နေရာ၊ ထိုအကြောင်းမှာ ဘုရားရှင်၏ ကျေးဇူးတော်ကို အောက်မေ့ခြင်း၌ ရပ်တန့်နေရပါ၏။ ကြာတော့. . . ပေးမှာလား၊ မပေးဘူးလား၊ ဟိုမှာလိုအပ်နေတာပဲ. . . ခဏခဏပြန်မပြောနဲ့၊ စိတ်ထိခိုက်လိုက်တာဟု ဆူပူမိလေ၏။

ဆရာ မလုပ်ပါနဲ့။ ဒီမှာ ပေးမလို့စဉ်းစားနေတာ. . ဟု ဆရာမသားအမိက ပြန်ပြောရင်း လုံချည်များကို ရွေးချယ်နေပါသည်။ သုတ္တံဆရာ၏ သွန်သင်ချက်ကို ယနေ့ညမှာ ဆင်ခြင်ကြပါစို့။ ဆင်းရဲသားတို့ကို သနားသောသူသည် ထာဝရဘုရားကို ချေးငှားသောသူဖြစ်ပါ၏။ သူပြုသောအမှု၏ အကျိုးကို ဘုရားသခင် ဆပ်ပေးမည်ဖြစ်ရာ ပိုပိုလျှံလျှံအထိ တိုးထွက်လာမည်ကို ဆင်ခြင်ကြပါစို့။ အနီးအပါးမှ လိုအပ်နေသောသူများစွာကို မြင်လျက်၊ သိလျက်၊ ကြားလျက်. . . ရှိသော်လည်း ပေးကမ်းစွန့်ကြဲရန် သို့မဟုတ် ဝေမျှရန်အတွက် သွက်လက်မြန်ဆန်ဖို့ လိုပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်သည် ပေးကမ်းဝေမျှရန်အတွက် သွက်လက်မြန်ဆန်ဖို့ လိုပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်သည် ပေးကမ်းဝေမျှသူများအပေါ်သို့ အစဉ်သဖြင့် သက်ရောက်သော သဘောရှိပါ၏။

**စက်တင်ဘာလ (၂၇) ရက်၊ ၂၀၀၆ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ထိုသူကိုလက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား၊ ဘုရားသခင်၏ သားဖြစ်ရသော အခွင့်ကို ပေးတော်မူ၏။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၁း၁၂)

## "သားဖြစ်ရသောအခွင့် ..."

သမီးသည် သူ့တာဝန်ကျသောကျောင်းမှာ စာသင်ပေးရင်းတစ်နေ့တွင် ကလေးများနှင့် စကားစမြည်ပြောရင်း၊ တစ်ယောက်ကိုမေးသတဲ့။ သားကဘာဖြစ်ချင်သလဲ. . . ဟု မေးရာ သိပ္ပံပညာရှင်ဖြစ်ချင်တယ်ဟု ဖြေသတဲ့။ ဒါဆိုရင် စာကြိုးစားရမယ်နော်. . . ဟု ပြောလျှင် ကလေးကာ ခေါင်းညိတ်လေသည်။ နောက်မိန်းကလေးတစ်ယောက်ကိုမေးလျှင် ဝဝလှလှ မိန်းကလေးက ရုပ်မြင်သံကြားမှာ ကြော်ငြာတဲ့မော်ဒယ်လ်ဖြစ်ချင်သတဲ့။ ဒါဆိုရင် စာကြိုးစားရမယ်။ လှပအောင်လေ့ကျင့်ခန်းတွေ လုပ်ရမှာပေါ့. . . ဟုပြောလျှင် မိန်းကလေးက ခေါင်းကို အားပါးတရညိတ်လေ၏။ နောက်တစ်ယောက်ကျတော့ စီးပွားရေးသမားဖြစ်ချင်တယ်။ အချို့ကဘောလုံးသမားဖြစ်ချင်နေသည်. . . စသည်ဖြင့် အမျိုးမျိုးဖြေကြသော်လည်း ဆရာမကလေးက နိဂုံးချုပ်လျှင်. . .

အဲဒါတွေဖြစ်ဖို့အတွက် နံပါတ် (၁) စာကြိုးစားရမယ်၊ ပညာတတ်မှ လုပ်နိုင်မယ်။ ပို ခက်တဲ့ ရည်ရွယ်ချက်ပိုင်ရှင်တွေအတွက် ပိုပြီး ပြင်းပြင်းထန်ထန်ကြိုးစားရမယ်. . . ဟု ဆုံးမပါသည်။ နံပါတ် (၂)ကတော့. . . ကိုယ်ရောက်ချင်တဲ့ ပန်းတိုင်ကို မရောက်ရောက်အောင်၊ ဇွဲလုံ့လသတ္တိနဲ့သွားရမယ်။ အတားအဆီးမှန်သမျှ ဖြတ်ကျော်ပြီးဖြစ်အောင် လုပ်နိုင်ရမယ်။ မဟုတ်ရင် အပြောကြီးပြီး ဘာမှဖြစ်မလာဘူးလို့ အထင်သေးခံရမယ်. . . ဟု ဆုံးမပါ၏။ ကလေးများကနာယူပြီး ဆရာမနေခြည်နွေးနွေးကလည်း အားရသွားပါ၏။ ကလေးများကို တိုက်တွန်းနှိုးဆော်ရတာ အရှိန်ရနေတုံးကလေးမတစ်ယောက်ကို. . . သမီးကကော ဘာဖြစ်ချင်သလဲဟု မေးလျှင် သူမက. . .

"သူဌေးသမီးပဲဖြစ်ချင်တယ်။ သူဌေးသမီးဖြစ်နိုင်ဖို့ဆိုရင်. . . စာကြိုးစားဖို့လည်း မလိုဘူး၊ ဇွဲ၊ လုံ့လ၊ သတ္တိတွေနဲ့ ပင်ပင်ပန်းပန်းမသွားရဘူး။ ပန်းတိုင်ရောက်ဖို့ အမေနဲ့ အဖေက လုပ်သွားတာကို ယုံယုံကြည်ကြည် ထိုင်စောင့်ရင်ပြီးတာပဲ. . ."ဟုပြောလျှင် ဆရာမလေးခမျာ စကားအ သွားရပါသတဲ့။ ဟုတ်သားပဲ။ အဖေနဲ့ အမေက သူဌေးဖြစ်ရင် သူမက အလိုလိုသူဌေးသမီးဖြစ်ပြီး သူမရည်မှန်းသော ပန်းတိုင်ကို အော်တိုမက်တစ် ရောက်သွားမှာပဲလေ။

ကျွန်တော်တို့ အသက်တာအတွက် မည်သူစီမံခန့်ခွဲပေးနေသလဲ။ ကိုယ့်ဖာသာပြဿနာ၍ လုပ်ငန်းအသွယ်သွယ်ကို စိတ်ကူးကြံစည်ကာ ပင်ပန်းစွာ အကောင်အထည်ဖော်နေသောအခါ၊ တစ်စုံတစ်ယောက်က တစ်ဖက်တစ်လမ်းကနေ ကူညီမစလုပ်ဆောင်ပေးဖို့လို အပ်လှပါသည်။ ယနေ့တွင် ကိုယ်တော်ထံသို့ တိုးဝင်၍ ကျွန်တော်တို့၏ မိသားစုကို မစကူညီလမ်းပြ ပို့ဆောင်၍ အောင်မြင်ခြင်းအခွင့်ကို ရနိုင်ဖို့ တောင်းလျှောက်ကြပါစို့။



**စက်တင်ဘာလ (၂၈) ရက်၊ ၂၀၀၆ ခုနှစ် (ကြာသပတေးနေ့)**

သင်တို့သည် ကိုယ်၌ သူတစ်ပါးပြုစေလိုသမျှအတိုင်း သူတစ်ပါး၌ ပြုကြလော့။ ဤပညတ်ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင်ဖြစ်သတည်း။ (ရှင် မဿဲခရစ်ဝင်ကျမ်း၊ ၇း၁၂)

## "သူတစ်ပါး၌ ..."

ဆရာဝန်တစ်ဦးကိုတွေ့ဖူးပါသည်။ အလွန်အောင်မြင်၍ ဆေးလိုက်သည်ဟုပြောရမည်ဖြစ်ပါသည်။ သူကုသသောလူနာများ ပျောက်ကင်းသည်က များရာကြာလျှင် မာန်မာန ထောင်လွှားလျက် လုပ်ဖော်ကိုင်ဖက်နှင့် လူနာများအပေါ်မှာ သဟောက်သဟန်း လုပ်တတ်လာ၏။ အလွန်မောက်မာသော်လည်း ပညာကြီးမား၊ ကြွယ်ဝချမ်းသာ၊ အောင်မြင်သော သူဖြစ်ရကား မည်မျှမဟန့်တားနိုင်ပါ။ တစ်စုံတစ်ယောက်က သူပြောသောစကားကို ငြင်းဆန်ဆွေးနွေးမည်ဆိုလျှင် 'ဒီမှာကိုယ့်လူ၊ ကျုပ်ဘယ်သူလဲဆိုတာ မောင်ရင်သိရဲ့လား"ဟု ခတ်မာမာမေးတတ်ရာ မည်သူမျှပြန်မပြောနိုင်တော့ပါ။ သူကတော့ ဆရာဝန်ကြီးတစ်ဦးဖြစ်သည်ထက်ပိုပိုသာသာ ဩဇာအာဏာကို အသုံးပြုလေ၏။

တစ်နေ့တွင်မူ. . . ချောင်းဆိုးရောဂါတစ်ခုကို ရလာသည်မှအစပြု၍ အတော်ပင် စိတ်ညစ်လာရသည်။ ရောဂါ၏အမည်မှာ လေပြွန်ကင်ဆာဟုသိရသောအခါ ပျာယာခတ်သွားလေ၏။ သူ့ကိုယ်သူ ပြန်ခွဲစိတ်ကုသရန် ဘယ်လိုမှ မဖြစ်နိုင်တော့၍ ခွဲစိတ်ကုဆရာဝန်များထံသို့ ကိုယ့်ကိုယ်ကို အပ်နှံရလေသည်။ ကောင်းကောင်းခွဲပေးပါခင်ဗျာ။ ကျွန်တော့် အသက်ဟာခင်ဗျားတို့ လက်ထဲမှာရှိပါတယ်။ စေတနာ၊ မေတ္တာ၊ ဂရုဏာနဲ့ ခွဲပေးပါ။ ကျွန်တော့အသက်ကို ကယ်ပါ. . . ဟုတောင်းပန်ရလေ၏။ တော်ပါသေးသည်။ သူ့ကို တာဝန်ယူ၍ကုသပေးမည့် ဆရာဝန်များက ယုံကြည်သူစင်စစ်ဖြစ်ကာ၊ ဝိုင်းဝန်းလျက် အကောင်းဆုံး ဆောင်ရွက်ပေးပါသည်။ သူနာပြုများနှင့် ဝန်ထမ်းများက ဂရုစိုက်ပေးပါ၏။ ထိုအချိန်မှာ. . . 'ဒီမှာကိုယ့်လူ၊ ကျုပ်ဘယ်သူလဲဆိုတာ မောင်ရင်သိရဲ့လား"ဟု တစ်စုံတစ်ယောက်ကမှ မပြောကြပါ။ ထိုစကားမျိုးကို သတိရ၍ သူကိုယ်တိုင် အပြောခံရမှာကြောက်နေသော်လည်း အပြောမခံခဲ့ရပါ။ ထိုကာလ၌ ဆရာဝန်ကြီးသည် လူနာတစ်ယောက်ဖြစ်သွားခဲ့ပါ၏။ ဆရာဝန်ဝတ်ရုံနှင့် နားကြပ်မရှိတော့သော လူနာစင်စစ်ဖြစ်သွားသောအခါမှ လူနာတစ်ယောက်၏ ခံစားချက်၊ မျှော်လင့်ချက်နှင့် အားကိုးအားထားပြုခြင်းကို သူနားလည်ခဲ့ရပါသည်။ ခွဲစိတ်ခြင်းအောင်မြင်သောအခါ ပြန်၍ ကျန်းမာလာ၍ ဆရာဝန်အလုပ်ကို လုပ်နိုင်သောအခါ တပည့်များအား ဤသို့ပြောပါ၏။ ဆရာဝန်ကောင်းဖြစ်ဖို့ မင်းတို့အားလုံးဆရာဝန် ဝတ်စုံကိုချွတ်၍(၇၂)နာရီကြာ လူနာလုပ်ကြည့်ဖို့လိုပါတယ်. . . ဟူ၍ဖြစ်ပါသတဲ့။

သင်တို့သည်ကိုယ်၌ သူတစ်ပါးပြုစေလိုသည့်အတိုင်း သူတစ်ပါး၌ ပြုဖို့ရန်သခင်ယေရှုမိန့်တော်မူခဲ့ပါ၏။ ဤပညတ်ကို အမှန်တကယ်လိုက်နာခဲ့ပါရဲ့လား. . . ဟု ဆင်ခြင်ကြပါစို့။ ကိုယ်ချင်းတရာနှင့် သနားခြင်းဂရုဏာကို နှလုံးသား၌ နေရာပေးနိုင်ပါမှ ကိုယ်တော်၏ ပညတ် အချုပ်အချာလိုက်နာသောသူ၊ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို လိုက်လျှောက်သူဖြစ်ပေလိမ့်မည်။

မင်းကြီးက ငါအမှန်ဆိုသည်ကား၊ သင်တို့တွင် ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံးသော သူတစ်ယောက်အားပြုခဲ့ကြသမျှတို့ကို ငါ့အားပြုကြပြီ . . . ဟု ပြန်၍ မိန့်တော်မူလတ္တံ့။ (မဿဲ၊ ၂၅း၄၀)

## "ဂရုဏာနတ်သမီး..."

ဂရိပြည်မြောက်ပိုင်းဒေသမှာ ဆင်းရဲသော မိသားစုမှ မွေးဖွားလာသော ကလေးနှစ်ယောက် ရှိခဲ့ပါသည်။ ညီမလေး၏ (၇)နှစ်အရွယ်တွင် ဖခင်ကွယ်လွန်၍ မိခင်သည် ဇာထိုးပန်းထိုးအထည်များကို ရောင်းရပါသည်။ ဆင်းရဲစွာ အသက်မွေးခဲ့ရသဖြင့် ရုန်းကန်လှုပ်ရှားရင်း အစ်ကိုသည် နိုင်ငံတော်အမှုထမ်းအရာရှိ ဖြစ်လာပါသည်။ ညီမဖြစ်သူက အသက် (၁၈)နှစ်အရွယ် ရောက်လျှင် သာသနာ့ဘောင်ထဲသို့ ဝင်သွားသောကြောင့် အစ်ကိုသည် စိတ်ပျက်လက်ပျက်ဖြင့် ကိုယ့်ဘဝတိုးတက်ရာ တိုးတက်ကြောင်း မကြိုးစားသလဲဟု အပြစ်တင်ခဲ့ပါ၏။

သို့သော် ၁၉၇၆ခုနှစ်သို့ရောက်လျှင် ညီမလေးသည် ဆင်းရဲချို့တဲ့သောသူများထဲ၌ တိုးဝင်၍ အလုပ်လုပ်ရခြင်းအတွက် နိုဘယ်ဆုကို ဆွတ်ခူးရရှိလေသည်။ အစ်ကို၏ အကြောင်းကို ကမ္ဘာက မသိသော်လည်း ညီမဖြစ်သူသည် မာသာထရီဇာအမည်ဖြင့် ဆက်လက်ကျော်ကြားကာ အသက်(၈၇)နှစ်တွင် နှလုံးခုန်ရပ်၍ လောကအလုပ်မှ ရပ်နားလိုက်သောအခါ ကမ္ဘာတစ်ခုလုံးသည် ဝမ်းနည်းကြေကွဲခဲ့ရပါ၏။ ပြင်းထန်စွာ ပေါက်ကွဲတတ်သော ဗုံးတစ်လုံးသည် အရွယ်သေးငယ်ပါသည်။ မာသာထရီဇာသည် အရပ်ငါးပေပင်မပြည့်။ ပေါ့ပါးသော ကိုယ်အလေးချိန်နှင့် ရုပ်ဆင်းအသွင်မှာ အထင်ကြီးစရာ မရှိသော်လည်းသူ့ကို နှမြောတသ၍ ဂရုဏာနတ်သမီး၊ (angel of mercy)ဟု ခေါ်ဝေါ်ကြပါ၏။ သူမသည် ကြီးမြတ်သောသူများနှင့်အတူတကွ စားသောက်ခွင့်ရလျက် ဂုဏ်ကျက်သရေများ အပ်နှင်းခြင်းခံရသော်ငြား၊ ဆင်းရဲသားများနှင့် ခိုကိုးရာမဲ့သောသူတို့အတွက် မိမိအသက်တာကို ပေးဆပ်လျက် ကူညီမစခြင်းမှ လမ်းမလွဲခဲ့ပါ။

သူမ၏ အရည်အချင်းထဲ၌ သနားကြင်နာမှု၊ သစ္စာရှိမှု၊ ဆင်းရဲသားများအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာသည် ထင်ရှားလှပါ၏။ ကိုယ်ရေးရာဇဝင်များကို ရေးသားသောချောလားကို မာသာပြောပြခဲ့သော ဘဝ၏ခံယူချက်တစ်ခုမှာ အံ့အားသင့်ဖွယ်ရာဖြစ်ပါသည်။ သစ္စာရှိရန် ဖိတ်ခေါ်ခြင်းသာ ဖြစ်ပါသတဲ့။ တကယ်လည်း သူမသည် အောင်မြင်မှုများထက် သစ္စာရှိခြင်းကို မြတ်နိုးစွာ ဆုပ်ကိုင်ခဲ့ပါသည်။ ယနေ့တွင် ကျွန်တော်တို့သည် ဘုရားသခင်အပေါ်၌ မည်မျှသစ္စာရှိခဲ့ပါသနည်း။ ဘဝ၏အောင်မြင်မှုအတွက် ဘုရားသခင်နှင့်ပြုသော ပဋိညာဉ်ကို ဖျက်၍ သစ္စာပျက်သောသူအများရှိပါသည်။ သစ္စာရှိခြင်းသည် အောင်မြင်ခြင်းထက် အရေးကြီးကြောင်း မာသာက ပြခဲ့ပါ၏။ အငယ်ဆုံးသောသူကို ပြုသမျှ သခင့်အား ပြုသည်ကို အောက်မေ့၍ သခင်ယေရှု၏ သွန်သင်မှုကို ဂရုပြုကြပါစို့





ထိုသခင်၏ နာမတော်မှတစ်ပါး၊ ငါတို့ကို ကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက် လူတို့တွင်မရှိ။ (တမန်တော်ဝတ္ထု၊ ၄း၁၂)

## "တစ်ခုတည်းသာ ...."

ဆေးခန်းတစ်ခုတွင် အလွန်တိကျသော သူနာပြုအကူမိန်းကလေးတစ်ယောက်ကို တွေ့ရပါသည်။ ဆရာဝန်က ဆေးခန်းလာသောသူများကို ပထမဦးဆုံး အဖျားတိုင်းပြီးမှ သူ့ကို ဝင်တွေ့ရန် မှာထားပြီး အဖျားတိုင်းသော သာမိုမီတာအလုံအလောက်ပေးထားပါ၏။ သာမိုမီတာတစ်ချောင်း၊ လူနာမှတ်တမ်းစာအုပ်နှင့် မိန်းကလေးသည် သွက်လက်တတ်ကြွစွာ တာဝန်ထမ်းဆောင်လေ၏။ တစ်နေ့တွင် လက်အဆစ်လည်သွားသော မြေးကလေးကို သွား၍ ပြပါသည်။ မြေးကလေးသည် အဖျားမရှိသော်လည်း နာမည်ကြီးသော ဆရာဝန်၏ အခန်းဝရောက်လျှင် သာမိုမီတာငုံထားသော လူနာကို တွေ့ရလေ၏။ သူနာပြုအကူသည် ချက်ခြင်းရောက်လာကာ ထိုင်ခိုင်းပြီး ပါးစပ်ဟဟုပြောရာ တစ်စုံတစ်ခုပြောရန်အချိန်မရ၊ မြေးကလေး ပါးစပ်ဟလိုက်ရပါသည်။ သူ့အဖွားက ဘာမှမဆိုင်ဘူး ထင်တယ်ဟု ပြောသော်လည်း သူမကတော့ တာဝန်အတိုင်း မှာထားသည့်အတိုင်း အပူချိန်ကို မှတ်သားပြီးလျှင် ခဏစောင့်ဟုပြောပါသည်။ လူနာအချို့ရောက်လာပါသည်။ ဗိုက်အောင့်လို့ . . ဟုပြောရုံရှိသေး။ မိန်းကလေးက ပါးစပ်ဟ . . . ဆိုတော့ မတတ်နိုင်။ ပါးစပ်ဟပြီး သာမိုမီတာငုံထားရလေသည်။ လူနာရှင်က သက်ပြင်းချသော်လည်း အဖျားတိုင်း၍ မပြီးလျှင်မဝင်ရပါ။ ရုတ်တရက် လူတစ်ယောက် အိပ်တစ်လုံးနှင့် ရောက်လာသည်။ ဆရာဝန်ကြီးရှိသလားဟုမေးလျှင် ဟုမေးလျှင် သူနာပြုအကူက ရှိပါတယ်။ ဒီမှာထိုင်။ ပါးစပ်ဟ . . . ဟုဆိုရာ တစ်ခုခုပြောမည်ပြုသော်လည်း စွတ်ကနဲ သာမိုမီတာထိုးထည့်ရာ ငုံလိုက်ရပါ၏။ အပူချိန်တိုင်းပြီး၍ ပါးစပ်များအားလျှင် အချင်းချင်း ဝေဖန်မှုပြုကြ၏။ ဗိုက်အောင့်သူက ဘာမှမဆိုင်ဘူးဗျာ။ ကျုပ်က ဗိုက်အောင့်တာဟုပြောလျှင် အိပ်တစ်လုံးနှင့်လူက ကျုပ်က ဆက်သွယ်ရေးဝန်ထမ်းဗျ။ ခင်ဗျားထက် ပိုဆိုးသေးတယ်။ တကယ်တော့ . . ကျုပ်ကမှတ်ပုံတင်စာလာပို့တာ။ ဆရာဝန်ကြီးလက်မှတ်ထိုးယူရမှာမို့ တွေ့ချင်တာ . . . ဟုပြောလျှင် အားလုံးပင် ရယ်မောမိလေ၏။

ဘာပဲပြောပြော သူမကတော့ လေ့နံ့ခံစားထစ်ပါပဲ။ ဘယ်သူဝေဖန် ဝေဖန် သူ့ကို ဆရာဝန်ကြီးက မှာသည့်အတိုင်းပါပဲ။ ယခုကာလ၌ သမ္မာကျမ်းစာနှင့် ဘာသာရေးကို ဆန်းစစ်ဝေဖန်မှုအများ ရှိသော်လည်း တကယ်တော့ သခင်ယေရှုအားဖြင့်သာ ကယ်တင်ခြင်းသို့ရောက်ရမည်ဖြစ်ပါ၏။ သခင်ယေရှုနှင့် စပ်ဆိုင်သော အကြောင်းအမျိုးမျိုးကို ဝေဖန်သော်လည်း နားမယောင်ကြပါနှင့်။ လောကအတတ်ပညာ၊ စည်းစိမ်ဥစ္စာ၊ ဂုဏ်သိက္ခာသည် ထာဝရမတည်မြဲပါ။ သခင့်နာမအားဖြင့်သာ ထာဝရအသက်ကို ရနိုင်စရာလမ်း တစ်ခုသာရှိပါ၏။